ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး

(၁၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

(တနင်္လာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

အချိန်၊ ၁၀း၀၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော်နဝမပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

အခမ်းအနားမှူး။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၂၀) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၅.၄၅)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန်လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)

တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

အချိန်၊ ၁၀း၀၃။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

အချိန်၊ ၁၀း၀၄။

ဥက္ကဋ္ဌ။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ အစည်းအဝေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ တိုင်းရင်းသားနှစ်သစ်ကူး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ သင်တန်းတက်။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ကျန်းမာရေး။ ဒေါက်တာကျော်သိန်း၊ မွန်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကျန်းမာရေး။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ အစည်းအဝေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ အစည်းအဝေး။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ အစည်းအဝေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာ ဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ အစည်းအဝေး။ ဒေါက်တာ လှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းရယ်၊ ကယား(၅)၊ အစည်းအဝေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ အစည်းအဝေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ကြည်ညွှန့်၊ မကွေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ အစည်းအဝေး။ ဦးဌေးရယ်၊ ကယား(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ ကျန်းမာရေး။

ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ကျန်းမာရေး။ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ အစည်းအဝေး။ ဦးအုန်းတင်၊ ရခိုင်(၁၀)၊ ဆွေးနွေးပွဲ။ ဦးနိန်းခင်းပေါင်၊ ချင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄၈)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

အချိန်၊ ၁၀း၀၆။

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် ဦးကြည်၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား အဖွဲ့ဝင်အဖြစ် တိုးချဲ့ဖွဲ့စည်းထားခြင်းကို အမျိုးသားလွှတ်တော်သို့တင်ပြပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်တွင် တိုးချဲ့ဖွဲ့စည်းထားသည့် အဖွဲ့ဝင်၏အမည်စာရင်းကို အတည်ပြုကြောင်း ကြေညာပါတယ်။

ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဆင်းရဲမှုအကြောင်း (poverty line)ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (poverty circle)မှလွတ်ရန် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာအတွေ့အကြုံများဖြင့် စီမံဆောင်ရွက်နေခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၀၈။

ဥက္ကဋ္ဌ။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဒေါက်တာမြင့်ကြည် က ဆင်းရဲမှုအကြောင်း (poverty line) ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (poverty circle)မှ လွတ်ရန် ဆောင်ရွက် ခြင်းတို့ကို နိုင်ငံတကာအတွေ့အကြုံများဖြင့် စီမံဆောင်ရွက်နေခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၀၈။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော့် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆင်းရဲမှုအကြောင်း (poverty line) ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (poverty circle)မှ လွတ်ရန် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာအတွေ့အကြုံများဖြင့် စီမံဆောင်ရွက်နေခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ဒီ ဆင်းရဲမှုအတွက် လျှော့ကျအောင် Poverty Reduction Alleviation ကို လုပ်ဆောင်ခဲ့တာလည်းပဲ ဒါ ကြာပါပြီ။ ဒါ နိုင်ငံတကာမှာလည်းပဲလုပ်ဆောင်ပါတယ်။ အခုကျွန်တော်တို့ အမေရိကန်ပဲဖြစ်ဖြစ်၊ အင်္ဂလန်နိုင်ငံပဲဖြစ်ဖြစ်၊ ဆွစ်ဇာလန်ပဲဖြစ်ဖြစ် ဒီနိုင်ငံတွေလည်းပဲ ဆက်လက်ပြီးတော့ ဒါ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုဆောင်ရွက်နေတဲ့အခါမှာ အခုကျွန်တော်တို့နိုင်ငံဟာ ဒီ ၂၀၁၅ ကျရင် (၁၆) ရာခိုင်နှုန်းပေါ့။ ဒီလောက် ရောက်အောင်လို့ ဒါ MDG Goal ဒီဟာနဲ့ ရည်ရွယ်ပြီးတော့လည်းပဲ

ဆောင်ရွက်နေခြင်းရှိပါတယ်။ လက်ရှိအနေအထားမှာတော့ ကျဆင်းလာတဲ့သဘောမျိုးလည်း တွေ့ရှိရပါတယ်။ (၂၅)ရာခိုင်နှုန်း လောက်ရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော့်အနေနဲ့ကတော့ ဒီဆင်းရဲမှုအကြောင်း တစ်နည်းအားဖြင့်တော့ poverty line၊ ဆင်းရဲမှုမျဉ်းလို့လည်းပဲ ပြောကြမှာပါ။ အဲဒီတော့ ဒီဟာကိုရေးဆွဲတဲ့အခါမှာ အဓိကသီအိုရီသဘောအရ၊ စာသဘောအရပြောရင် နည်းနည်း ရှုပ်ထွေးမှာဖြစ်တဲ့အတွက်ကြောင့် စားဝတ်နေမှုအကြောင်းကို ဒါ လေ့လာပြီးတော့ စာရင်းဇယားတွေ ကောက်ယူပြီးတဲ့နောက် ဒီဟာကို ရေးဆွဲခြင်းဖြစ်ပါတယ်။

အဲဒီတော့ စားဝတ်နေရေးဆိုတဲ့အတွက်ကြောင့် အဲဒီကုန်ကျစရိတ်၊ စားတဲ့ကုန်ကျစရိတ်တွေဟာ ဘယ်လောက်လောက်ရှိသလဲ၊ ဝင်ငွေတွေဟာ ဘယ်လောက်လောက်ရှိသလဲ၊ နောက်လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နောက် ရေရဲ့ ရေသန့်၊ နောက် ဆက်သွယ်ရေး ဆိုလို့ရှိရင်လည်းပဲ ICT တွေကအစ ဒီဟာတွေကို အကုန်လုံးခြုံပြီးတော့၊ စုပေါင်းပြီးတော့၊ ရေးဆွဲထားတဲ့ ဖော်ပြထားတဲ့ မျဉ်းသဘောမျိုးဖြစ်ပါတယ်။ အဲဒီတော့ တချို့နိုင်ငံတွေမှာတော့ တစ်နေ့ကို ဒေါ်လာ(၂)ဒေါ်လာ လောက်ရလို့ရှိရင်တော့ ဒါ စားဝတ်နေရေးလေးဟာ ပြေလည်တယ်။

အဲဒီအောက်ဘက်ကို ရောက်သွားရင်တော့ဒါ ဒီ poverty line ရဲ့အောက်ဘက်ကို ရောက်သွားရင်တော့ စားဝတ်နေရေးမပြေလည်ဘူးဆိုပြီး ဒီလိုလည်း သတ်မှတ်ကြတယ်။ တချို့နိုင်ငံတွေ ဥပမာ ဆွစ်ဇာလန် တို့၊ ကနေဒါတို့ကျတော့ တရားဝင် ဒီဟာထုတ်ပြန်ခြင်းမရှိဘူး။ မရှိသော်လည်းပဲ သူတို့ဆောင်ရွက်ပေးတယ်။ စင်ကာပူလို နိုင်ငံကလည်းပဲ သူတို့ရေးဆွဲတယ်။ ရေးဆွဲပေမယ့် ရေးဆွဲပြီးတော့ သူတို့နိုင်ငံမှာရှိနေတဲ့ နိုင်ငံသူ နိုင်ငံသားတွေကို လိုအပ်တဲ့နေရာတွေကို သူတို့သွားပြီး ကူညီဆောင်ရွက်ပေးတာတွေ၊ ပံ့ပိုးပေးတာတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဆီမှာ ခုနတုန်းက တစ်နည်းအားဖြင့်တော့ စားဝတ်နေရေးအတွက်ဆိုရင် ဘယ်လောက်လောက် ကယ်လိုရီနဲ့ သူတို့ တွက်တာပေါ့နော်။ သူတို့ Security Property ပေါ့။ ကယ်လိုရီနဲ့ တွက်တယ်။ ဒီဟာတွေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ကြတယ်။ ဝင်ငွေဆိုလို့ရှိရင်လည်းပဲ တစ်နေ့ကိုဘယ်လောက်၊ ပြန်သုံးတာ ဘယ်လောက်ပြန်ပြီးတော့ တွက်ချက်ပြီးတော့ဆောင်ရွက်တယ်။ ဒီလို Food Security နဲ့ ပတ်သက်တဲ့ line တစ်ခုဆွဲမယ်။ နောက်ပြီးတော့ ကျန်တဲ့ ကျန်းမာရေး၊ ဘာညာနဲ့ပတ်သက်တဲ့ line တွေဆွဲမယ်။ ဒီနှစ်ခုကိုပေါင်းစပ်လိုက်တယ်။ ပေါင်းစပ်ပြီးတစ်ခါ ခုနတုန်းက poverty line တစ်ခုထပ်ဆွဲမယ်။ ဒါ သီအိုရီအရ သူတို့ညီမျှခြင်းတွေရှိပါတယ်။ Equation တွေရှိပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာဆွေးနွေးလိုတာက ခုနတုန်းက ဒီဆင်းရဲမှုသံသရာ ဒီဟာက မဆုံးနိုင်ဘူး။ မဆုံးနိုင်တဲ့အတွက်ကြောင့် တစ်ကမ္ဘာလုံးမှာ ဆောင်ရွက်နေတဲ့အခါမှာ သူတို့ ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်ကလေးတွေကို ကျွန်တော်တို့ကလေ့လာမယ်လို့လည်းပဲ ကျွန်တော်ယူဆပါတယ်။ အဲဒီလို လေ့လာပြီးတဲ့နောက် ဒီလိုသဘောမျိုးတွေများ ကျွန်တော့်တို့ဆီမှာ ပြန်ဆောင်ရွက်ပေးခြင်း ရှိ/မရှိ၊ ဥပမာအားဖြင့် ကျွန်တော်တို့အရင်တုန်းက ပြီးခဲ့တဲ့ ကြက်ဆူပင်၊ ကြက်ဆူပင်ကိစ္စလေး ကျွန်တော် တစ်ချက်ဆွေးနွေးလိုပါတယ်။ အဲဒီကြက်ဆူပင်တွေကျွန်တော်တို့စိုက်တယ်။ ကျွန်တော်အဲဒီမှာ ကြက်ဆူပင်နဲ့ ပတ်သက်ပြီး အရင်တုန်းကလည်း နည်းနည်းစိတ်ဝင်စားတာနဲ့ လေ့လာတဲ့အခါမှာ ဥပမာ အိန္ဒိယနိုင်ငံတို့၊ မက္ကဆီကိုတို့ဘာတို့မှာ ဒီဟာတွေဟာတော်တော်လေးဖြစ်မြောက်တယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံမှာဆိုရင်ပြန်ပြီးတော့ရှာဖွေကြည့်တာ၊ ဒါကြာပါပြီ။ အိန္ဒိယနိုင်ငံမှာ ကျွန်တော်ပြန်သတိရလာတယ်။ ကြက်ဆူပင်

စိုက်နိုင်တဲ့ဒေသ အဲဒီနေရာကိုကျွမ်းကျွမ်းကျင်ကျင်စိုက်နိုင်တဲ့၊ စိုက်တတ်တဲ့ပုဂ္ဂိုလ် အဲဒီပုဂ္ဂိုလ်ကို သွားတယ်။ သွားပြီးတော့ အဲဒီမှာစိုက်ပေးတယ်။ စိုက်ပေးပြီးတဲ့နောက် စိုက်တဲ့နည်းတွေကို သူတို့ပြတယ်။ ပြပြီးတဲ့နောက် အဲဒီက ထွက်လာတဲ့ဟာကို ဆီအဖြစ် ဘယ်လို ကြိတ်ထုတ်မလဲ။ ဒီဟာကိုလည်းပဲ သင်ပေးတယ်။ ဒီစက်တွေလည်းပဲ ဆင်ပေးတယ်။ ပြီးတဲ့အခါ Marketing ဒါတွေကိုလည်းပဲ ကျွန်တော်တို့က ဆောင်ရွက်ပေးတယ်။ ဆောင်ရွက်ပေးတဲ့အတွက်ကြောင့် အဲဒီဒေသ၊ အဲဒီပတ်ဝန်းကျင်ဟာ ကြက်ဆူပင်စိုက်ပြီး ကြက်ဆူပင်နဲ့ သူတို့ရဲ့စားဝတ်နေရေးတွေ အဆင်ပြေလာတယ်။ တစ်နည်းအားဖြင့် ဆင်းရဲမှုလျော့ပါးလာတာတွေ ရှိပါတယ်။

နောက် တချို့နေရာတွေမှာတော့ ခရီးသွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဒီဒေသဟာဆင်းရဲနေတဲ့ ဒီပြည်သူတွေ၊ အဲဒီနေရာ Tourism နဲ့ပတ်သက်ပြီးတော့ သူတို့ကို ကြွယ်ဝချမ်းသာအောင် လုပ်ပေးလို့ရတယ်။ တစ်နည်းအားဖြင့် စားဝတ်နေရေးတွေ ပြေလည်အောင်လုပ်ပေးလို့ရတယ်။ ဒါကြောင့်မို့လို့အဲဒီဒေသကိုသွားတယ်။ သွားပြီးတော့ အဲဒီဒေသမှာခုနတုန်းကခရီးသွားတွေ လာတဲ့အခါမှာ တည်းဖို့ ဟိုတယ်တွေကအစ သူတို့ကိုတည်ထောင်ပေးတယ်။ တည်ထောင်ပြီးတဲ့နောက် အဲဒီ ဒေသမှာထွက်တဲ့ ကုန်ပစ္စည်း၊ ဥပမာ ကျွန်တော်တို့ ကြိမ် ဒါမှမဟုတ်လို့ရှိရင် ဝါး အဲဒါနဲ့ ရက်တဲ့ပစ္စည်းတွေ၊ သူတို့ရဲ့လက်လုပ်ပစ္စည်းတွေ၊ ဒါတွေကို ရောင်းချတတ်လာအောင်၊ Marketing တွေရအောင် သူတို့ဆောင်ရွက်ပေးတယ်။ ဆောင်ရွက်ပေးခြင်းအားဖြင့် သူတို့ ဒါတိုးတက်ကြီးပွားလာတယ်။ နောက် ဥရောပမှာလည်း ဒီလိုပါပဲ၊ ကျွန်တော်တို့ ဒီစိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ Co-operative Farm တွေ ဒီလိုပဲ လက်တွေ့ Management ကအစသင်ပေးပြီးတော့ Marketing ကအစရအောင်လို့ လုပ်ပေးပြီးတော့ ဆင်းရဲမှုကိုလျော့ကျအောင်ဆောင်ရွက်ပေးပြီးတော့ တစ်စိုက်မတ်မတ်သူတို့ပြောင်းလဲလာတာတွေ ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင်တော့ အဲဒီဒေသကိုသွားမယ်၊ ကျွန်တော်တို့က ငွေရေးကြေးရေးထောက်ပံ့ပေးရုံနဲ့ ကျွန်တော်တို့မဖြစ်ပါဘူး။ ငွေရေးကြေးရေးထောက်ပံ့ပေးရုံနဲ့ကတော့ ဒီငွေဟာ အကျိုးရှိစွာအသုံးချနိုင်မှာ ရာခိုင်နှုန်းအားဖြင့် အင်မတန်မှနည်းပါတယ်ဆိုတာ ကျွန်တော်တို့ အတွေ့အကြုံတွေအရလည်းပဲ သိရှိနိုင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ဆောင်ရွက်မယ့် မူဝါဒတွေ၊ လုပ်ငန်းစဉ်တွေဟာ ဒီလိုနိုင်ငံတကာရဲ့ရှိနေတဲ့အတွေ့အကြုံတွေ ဒီဟာတွေကိုလေ့လာပြီးတော့ ဆောင်ရွက်နေပြီလား။ ဆောင်ရွက်နေပြီလို့လည်း ကျွန်တော်ကတော့ ထင်တော့ထင်ပါတယ်။ ဒီအတွက်ကြောင့် ပြည်သူလူထုကလည်းပဲ ဒီဟာကိုသူတို့သိချင်ကြပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ကျွန်တော်မေးခွန်းလေး မေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်အိန္ဒိယနိုင်ငံမှာ ဆိုလို့ရှိရင်တော့ Poverty Reduction အတွက် ICT သူတို့တွေက Hand phone တွေရှိမှ ဒါဟာဒါတွေလျော့ကျမယ်၊ ဒီ ICT တွေ လူတိုင်းကိုကိုင်နိုင်အောင်လို့ သူတို့လုပ်ပါတယ်။ ဒါလည်းပဲမှန်ပါတယ်။ သို့သော် ကျွန်တော်တို့ တချို့နေရာတွေမှာ ဒီတယ်လီဖုန်းကို ကိုင်ထားပြီးတော့ ခုနတုန်းကပြောတဲ့ သူတို့ရဲ့စားဝတ်နေရေးထဲမှာ ဒီဟာကိုအသုံးမချနိုင်ဘဲနဲ့ တစ်ဦးနဲ့ တစ်ဦးဆက်သွယ်ပြီးတော့ စကားပြောရုံလောက်နဲ့ဆိုရင်တော့ စဉ်းစားစရာအများကြီးကောင်းပါတယ်။ ဒါ ကျွန်တော်ပြည်သူလူထုနဲ့ သက်ဆိုင်ရာကျေးလက်ဒေသကိုလည်းပဲ ကျွန်တော်နှိမ့်ချပြောခြင်းမဟုတ်ပါဘူး။ ဒါ သူတို့ဆောင်ရွက်နေတဲ့ နိုင်ငံတကာမှာဆောင်ရွက်နေတဲ့ အနေအထားကိုတင်ပြခြင်း ဖြစ်ပါတယ်။ ဒါ အိန္ဒိယမှာဆိုလို့ရှိရင် အဲဒီ ဒီ Program တစ်ခုလုပ်ပြီးတော့ ဆောင်ရွက်ပါတယ်။ အင်ဒိုနီးရှားမှာလည်း ဒီအတိုင်း

ပါပဲ။ သူတို့က Cluster ဆိုပြီးတော့ One, Two, Three ဆိုပြီး ဆောင်ရွက်သွားပါတယ်။ ဒါကို ကျွန်တော်တို့လေ့လာကြမယ် ဆိုလို့ရှိရင်သိရှိနိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အချိန်ကိုလေးစားသောအားဖြင့် ရှင်းလင်းတင်ပြခြင်း မပြုတော့ပါဘူး။

ကျွန်တော်တို့နိုင်ငံမှာ အခု ပြန်ကြည့်လိုက်လို့ရှိရင် အဆင်းရဲဆုံး ချင်းပြည်နယ်ဖြစ်ပါတယ်။ (၇၃)ရာခိုင်နှုန်းလောက် ဖြစ်ပါတယ်။ ဒုတိယ ရခိုင်ပြည်နယ် ဖြစ်ပါတယ်။ (၄၄)ရာခိုင်နှုန်းလောက်ရှိပါတယ်။ တတိယကတော့ တနင်္သာရီနဲ့ ရှမ်းဖြစ်ပါတယ်။ (၃၃)ရာခိုင်နှုန်းလောက် ရှိပါတယ်။ ဒါ နည်းနည်းအပြောင်းအလဲတော့ရှိပါတယ်။ နောက် ဧရာဝတီဖြစ်ပါတယ်။ (၃၀)ရာခိုင်နှုန်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီဒေသတွေဟာ ဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျကျနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့လိုပါတယ်။

ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့အတွက်ကြောင့် စိုက်ပျိုးရေးကို အခြေခံရမှာမှန်ပါတယ်။ စိုက်ပျိုးရေးကို ကျွန်တော်တို့ အခြေခံပြီးတော့ ဆင်းရဲမှုကို လျှော့ချပေးရမှာ ဖြစ်ပါတယ်။ ဒါဟာ ရာခိုင်နှုန်းပြည့် ထောက်ခံပါတယ်။ သို့သော် ဆောင်ရွက်တဲ့အခါမှာတော့ ဆောင်ရွက်နည်း၊ ဆောင်ရွက်ချက်တွေ၊ မူဝါဒတွေဟာ သိပ်အရေးကြီးပါတယ်။

ဒီကနေ့ လယ်သမားတစ်ဦးပိုင်ဆိုင်တဲ့ လယ်မြေဧကကို ဆန်းစစ်ကြည့်ပါ။ ဆင်းရဲမှုရှိတဲ့ အိမ်ထောင်စုတစ်ခုဟာ အကြမ်းဖျင်းအားဖြင့် ကျွန်တော်လေ့လာသလောက် (၄)ဧကကျော်ကျော်လောက် ပိုင်ဆိုင်တယ်လို့ ဒါဟာပြောထားပါတယ်။ ဒါ ကျွန်တော်တို့ဆင်းရဲတဲ့မိသားစုပါ။ အသင့်အတင့် စားဝတ်နေရေးပြေလည်တဲ့ မိသားစုကတော့(၇)ဧက ပတ်ဝန်းကျင်လောက်ပိုင်ဆိုင်တယ်လို့ ဒါ လေ့လာထားချက်တွေမှာတွေ့ရှိရပါတယ်။ ဒါလည်းပဲပြန်လည်ပြီးတော့ ဆန်းစစ်ဖို့လိုပါတယ်။ အဲဒီတော့ လယ်ဧကအပေါ်မှာ မူတည်ပြီးတော့ ဒီ လယ်ယာမြေ၊ လယ်ယာမြေဆိုတာ အကုန်လုံးပါ ပါတယ်။ ကျွန်တော်တို့ဆန်စပါးတင်မဟုတ်ပါဘူး။ ဒီဘက် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ အားလုံးပါ ပါတယ်။ ကျွန်တော်တို့ လယ်သမားတွေ မြေဧက တကယ်ကို ပိုင်ဆိုင်တာ ဘယ်လောက်လောက်ရှိသလဲ။ သိပ်အရေးကြီးပါတယ်။ လယ်မြေဧက ပိုင်ဆိုင်မှု မရှိဘဲနဲ့ သူ့ရဲ့ဆင်းရဲမှု ဒီ poverty circle ကနေပြီးတော့ vicious circle ပေါ့လေ၊ ဆင်းရဲတာ ချေးလိုက်မယ်။ ဟိုဟာလုပ်မယ်။ poverty vicious circle လို့လည်း ကျွန်တော်တို့ ခေါ်လို့ရပါတယ်။ ဒီအထဲကနေ ရုန်းထွက်နိုင်စွမ်းအားရှိမှာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့လယ်ယာမြေကို၊ လယ်ယာတွေကို စိုက်ပျိုးရေးပေါ့၊ တစ်နည်းအားဖြင့် အခြေခံပြီးတော့ ပြုစုပျိုးထောင်မယ်ဆိုရင် လယ်မြေဧကဘယ်လောက်လောက်များ ပိုင်ဆိုင်မှုရှိကြပါသလဲ၊ ဒီကနေ့ ကျွန်တော်တို့ ဆန်တွေပိုပြီးတော့ ထွက်နေပါပြီ။ ဆန်တွေ ပိုထုတ်နေပါတယ်။ အဲဒီ့ထွက်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ လယ်သမားတွေ၊ ခုနတုန်းက ကျေးရွာမှာရှိနေတဲ့ လယ်သမားတွေရဲ့ ဆင်းရဲမှု ရာခိုင်နှုန်း ဘယ်လောက်လောက်များ ကျွန်တော်တို့ ကျဆင်းသွားပါသလဲ၊ ဒီဟာတွေ လေ့လာဆန်းစစ်ဖို့ လိုပါတယ်။ ဒီလိုလေ့လာဆန်းစစ်မှု မရှိလို့ရှိရင်တော့ ကျွန်တော်တို့ Theory သဘောအရ Percentage တွေ၊ ရာခိုင်နှုန်းတွေကတော့ ပြနေမှာပါပဲ။ ဒါကြောင့် မို့လို့ လက်တွေ့ကျကျ၊ လက်တွေ့ဆန်ဆန် ကျွန်တော် တို့ဆောင်ရွက်ပေးဖို့လိုမှာပါ။ သား/ငါးကဏ္ဍလည်း ဒီအတိုင်းပါပဲ။ သူတို့ဆီမှာ သား/ငါးကဏ္ဍတွေလည်းပဲ ဒီလိုဖွံ့ဖြိုးတိုးတက်အောင် ဒီလိုပဲ ဆောင်ရွက်ပေးပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီကနေ့ အပြုသဘောအားဖြင့် အများပြည်သူတွေကလည်းပဲ ဟာ ကျွန်တော်တို့ကတော့ လုပ်နေတယ်။ လက်တွေ့မှာတော့ ဆင်းရဲမှုဟာ ကျေးရွာ

တွေမှာ အများဆုံးရှိနေပါတယ်။ ကျွန်တော်တို့ ဆင်းရဲမှု ကွာဟချက်က မြို့နဲ့ တောဟာ နှစ်ဆ ရှိပါတယ်။ ဒီ ကျေးလက်တောရွာတွေရဲ့ ဆင်းရဲမှုဟာ မြို့မှာထက်စာလို့ရှိရင် နှစ်ဆ ရှိပါတယ်။ မြို့နေလူတန်းစားတွေမှာ လည်းပဲ ဆင်းရဲနေတာ ကျွန်တော်တို့အမြင်ပဲရှိပါတယ်။ ရန်ကုန်ပတ်ဝန်းကျင် တစ်ဝိုက်လည်းပဲ လိုက်လံ ပြီးတော့ လေ့လာကြည့်မယ် ဆိုလို့ရှိရင် ရရှိပါတယ်။

ဒါကြောင့်မို့လို့ တစ်ပြည်လုံးအတိုင်းအတာနဲ့ ဆောင်ရွက်တဲ့အခါမှာ လက်တွေ့ကျကျ ကျွန်တော် တို့ ဆောင်ရွက်ရန်လိုပါတယ်။ ဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆင်းရဲမှုအကြောင်း poverty line ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာလွတ်ရန် ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာအတွေ့အကြုံများဖြင့် စီမံ ဆောင်ရွက်နေခြင်း ရှိ/မရှိ သိရှိလိုတဲ့အတွက်ကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

အချိန်၊ ၁၀း၂၁။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၂၁။

ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး ဆန္ဒ နယ်အမှတ်(၈) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် မေးမြန်းတဲ့ ဆင်းရဲမှုပြမျဉ်း (poverty line) ဖော်ပြခြင်း၊ ဆင်းရဲမှုသံသရာ (poverty circle)မှ လွတ်ရန်ဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာအတွေ့အကြုံတွေနဲ့ စီမံဆောင်ရွက်နေခြင်း ရှိ/မရှိ မေးခွန်းကို ကျွန်မ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း ကနေပြီးတော့ ခြုံငုံရှင်းပြ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင့်။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုပြမျဉ်း (poverty line)ကို ကျွန်မတို့ အမျိုးသား စီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက UNDP နဲ့ ပူးပေါင်းပြီးတော့ ကျွန်မတို့ UNICEF, SIDA(Sweden International Development Agency)ရယ်၊ နောက်တစ်ခါ သက်ဆိုင်ရာဌာန တွေဖြစ်တဲ့ အမျိုးသားအဟာရဖွံ့ဖြိုးရေးနဲ့ သုတေသနဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ပညာရေးစီမံကိန်းနဲ့ လေ့ကျင့်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၊ ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာနနဲ့ ပြည်သူ့အင်အားဦးစီးဌာနတို့ရဲ့ ပါဝင်ကူညီမှုနဲ့ ၂၀၀၅ ခုနှစ်နဲ့ ၂၀၁၀ ခုနှစ် တွေမှာ အိမ်ထောင်စုစားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း Integrated Household Living Condition Assessment Survey - IHLCA) စစ်တမ်းတွေကို ကျွန်မတို့ ကောက်ယူခဲ့ပါတယ်။

ပထမအဆင့်စစ်တမ်းကို ပြည်နယ်/တိုင်းဒေသကြီး(၁၇)ခုမှာ မြို့နယ်အရင်တုန်းက ပြည်နယ်/ တိုင်း၊ ရှမ်းမြောက်၊ ရှမ်းရှေ့၊ ရှမ်းတောင်စသဖြင့် (၁၇)ခုမှာ မြို့နယ်(၁၁၆)မြို့နယ်ရှိတဲ့ အိမ်ထောင်စုပေါင်း

(၁၈၆၆၀)ကို ကျွန်မတို့ ၂၀၀၄၊ ၂၀၀၅ ခုနှစ်အတွင်းမှာ နှစ်ကြိမ် စာရင်းကောက်ယူခဲ့ပါတယ်။ အဲဒီ စစ်တမ်းကနေပြီးတော့ ကျွန်မတို့ အိမ်ထောင်စုတွေရဲ့ စားဝတ်နေရေးအခြေအနေ ဆင်းရဲနွမ်းပါးမှုနဲ့ ပတ်သက်တဲ့ အချက်အလက်တွေနဲ့ MDG ညွှန်ကိန်း(၁၆)ခုကို ကောက်ယူနိုင် ခဲ့ပါတယ်။ ပထမအကြိမ် စစ်တမ်းကောက်ယူပြီး နောက် ၅ နှစ် အကြာမှာ ကျွန်မတို့ဟာ ပြည်သူတို့ရဲ့ စားဝတ်နေရေး အခြေအနေ ပြောင်းလဲမှုကို သိဖို့အတွက် ထပ်ပြီးတော့ ကျွန်မတို့က ဒုတိယအဆင့် IHLCA Survey ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာလနဲ့ ၂၀၁၀ မေလမှာ ကျွန်မတို့ဟာ Sample Size အတူတူပဲပေါ့နော် ယခင်ကောက်ခဲ့တဲ့ အိမ်ထောင်စုကိုပဲ ကောက်ယူခဲ့ပါတယ်။

နောက်တစ်ခါ ထပ်ပြီးတော့ နောက် ၅ နှစ်မှာ ကျွန်မတို့ အခြေအနေ သိရှိနိုင်ဖို့အတွက် ဆိုပြီးတော့ UNDP နဲ့ပူးပေါင်းပြီးတော့ IHLCA Phase 3 ပေါ့၊ စစ်တမ်းကို ၂၀၁၅ မှာ ထပ်ပြီးတော့ ကောက်ယူဖို့အတွက် ကျွန်မတို့ ပြင်ဆင်လျက်ရှိကြောင်းကိုလည်း ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။ ကျွန်မတို့ အဲဒီလိုကောက်တဲ့အခါမှာ ခုန ဆရာကြီးပြောကြားသလိုပါပဲ ကျွန်မတို့က အရင်ဆုံး ဆင်းရဲ နွမ်းပါးမှုပြမျဉ်း နှစ်ခုဖြစ်တဲ့ အစားအစာဆင်းရဲချို့တဲ့မှု ပြမျဉ်းပေါ့၊ Food Poverty Line ကို လေ့လာ ပါတယ်။

နောက်တစ်ခါ ဆင်းရဲနွမ်းပါးမှုပြမျဉ်း Poverty Line ကို ကျွန်မတို့ ကောက်ယူပါတယ်။ ကျွန်မ တို့ တိုင်းတာတဲ့အခါမှာ ဝင်ငွေနဲ့ မတိုင်းတာဘဲနဲ့ စားသုံးတဲ့ကယ်လိုရီနဲ့ တိုင်းတာခဲ့ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတဲ့အခါမှာ ကျွန်မတို့အရင်တုန်းကဆိုရင် ငွေနဲ့တိုင်းတာမယ်ဆိုရင် ကျွန်မတို့ငွေကြေး လဲလှယ်မှု နှုန်းဟာဆိုရင် တရားဝင်နှုန်းနဲ့ ပြင်ပဈေးကွက်ပေါက်ဈေးနဲ့ကလည်း အရမ်းကွာခြားမှုကလည်းရှိပါတယ်။ အဲဒီတော့ PPP နဲ့လည်း တွက်ရမှာ ဖြစ်ပါတယ်။ Purchasing power parity နဲ့လည်း တွက်ရမှာဖြစ် ပါတယ်။ အဲဒီတော့ ကျွန်မတို့က အဲဒီတုန်းက တွက်နိုင်တဲ့ အခြေအနေလည်း မရှိသေးပါဘူး။ အခုလည်း ကျွန်မတို့က ADB မှာ ဝင်ပြီးတော့ PPP နဲ့ GDP စသဖြင့် တွက်ချက်မှုအတွက် ကျွန်မတို့က အခု ဆောင်ရွက်နေဆဲ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီအခြေအနေတုန်းက ကျွန်မတို့က ဆောင်ရွက်နိုင်ခဲ့မှု မရှိတဲ့အတွက်ကြောင့်မို့လို့ ဝင်ငွေနဲ့ 1 Dollar, 2 Dollar စသဖြင့် မတိုင်းတာဘူး။ ကယ်လိုရီနဲ့ တိုင်းတာ ခဲ့ပါတယ်။ အဲဒီတော့ အစားအစာဆင်းရဲချို့တဲ့မှု ပြမျဉ်းဟာ အခြေခံကယ်လိုရီ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် စားသုံးမှုအသုံးစရိတ် ဘယ်လောက်လိုတယ် ဆိုပြီးတော့ ကျွန်မတို့က ဒီဟာကို တွက်ချက်တိုင်းတာခဲ့ပါတယ်။

နောက်တစ်ခါ ဆင်းရဲနွမ်းပါးမှု ပြမျဉ်းကတော့ အစားအစာ ဆင်းရဲချို့တဲ့မှု ပြမျဉ်းကို ဖော်ပြတဲ့ အသုံးစရိတ်ထဲမှာ နောက်ထပ် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ အဝတ်အထည်၊ နေအိမ်အခြေအနေ စသ ဖြင့်ပေါ့။ ဒါတွေကို ဖြည့်ဆည်းပေးမယ့် အစားအစာအတွက် မဟုတ်တဲ့ အသုံးစရိတ်တွေကို ကျွန်မတို့က ထပ်မံထည့်သွင်းပြီးတော့ တွက်ချက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့စစ်တမ်းမှာဆိုရင် အဓိက မေးခွန်းလွှာလည်း (၃)ခုရှိပါတယ်။ ဒါတွေကတော့ အိမ်ထောင်စုမေးခွန်းလွှာ၊ ရပ်ရွာမေးခွန်းလွှာ၊ ဈေးနှုန်း မေးခွန်းလွှာတို့ ဖြစ်ပါတယ်။ အဲဒီတော့ အိမ်ထောင်စုမေးခွန်းလွှာက ဆင်းရဲနွမ်းပါးမှု အခြေအနေကို လေ့လာတင်ပြတဲ့အခါမှာ အခြေခံဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ အပိုင်း(၉)ပိုင်း ခွဲခြားပြီးတော့ လေ့လာ ဆန်းစစ်ခဲ့ပါတယ်။ (၁) ကတော့ အိမ်ထောင်စုရဲ့ ပင်ကိုလက္ခဏာတွေ၊ (၂) က နေအိမ်အခြေအနေ၊ (၃)က ပညာရေးနဲ့ စာတတ်မြောက်မှု (၄)က ကျန်းမာရေး၊ (၅)က စားသုံးမှုအသုံးစရိတ်၊ (၆) အိမ်ထောင်စုပိုင်တဲ့

ပစ္စည်းတွေ၊ လက်ဆောင်တွေ၊ လွှဲပို့ငွေ တွေပါ Remittanceနဲ့ ဒါတွေပါ ကျွန်မတို့ လေ့လာခဲ့ပါတယ်။ (၇) က လုပ်သားနဲ့အလုပ်အကိုင်၊ (၈) စီးပွားရေးလုပ်ငန်းတွေ၊ (၉) ငွေရေးကြေးရေးနဲ့ စုဆောင်းမှုတို့ကို ကျွန်မတို့လေ့လာခဲ့ကြပါတယ်။ ဒီရပ်ရွာမေးခွန်းလွှာမှာတော့ အခြေခံအဆောက်အဦ၊ အိုးအိမ်၊ စီးပွားရေး လုပ်ငန်းတွေ၊ ကျောင်း၊ ကျန်းမာရေးဌာနစသဖြင့် ရပ်ရွာအဆင့် သတင်းအချက်အလက် တွေကို ကျွန်မတို့ လေ့လာကောက်ယူခဲ့ကြပါတယ်။

နောက်ပြီးတဲ့အခါမှာ ကျွန်မတို့ အစားအစာဆင်းရဲချို့တဲ့မှု ပြမျဉ်းကို အဆင့်(၄)ဆင့်နဲ့ ကျွန်မ တို့ တွက်ချက်ရယူခဲ့ကြပါတယ်။ (၁)ကတော့ ရည်ညွှန်းအိမ်ထောင်စုကို ရွေးချယ်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ အဆင့်(၂)ကတော့ ဒီအိမ်ထောင်စုရဲ့ ကယ်လိုရီ လိုအပ်ချက်ပေါ့ တစ်နှစ်အတွက် အရွယ်ရောက်တဲ့သူရဲ့ ညီမျှချက်အရ ကယ်လိုရီကို တွက်ချက်ပါတယ်။ (၃)ကတော့ စားသုံးမှုပုံစံကို ထင်ဟပ်တဲ့အစားအစာ အုပ်စုတစ်စုကို ကျွန်မတို့ အုပ်စုတွေကို ဖွဲ့စည်းပါတယ်။ ပြီးတဲ့အခါကျတော့မှ အစားအစာ အုပ်စုတွေကို တန်ဖိုးသင့်ပါတယ်။ ဒီ Food Poverty Line ကို တွက်ချက်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ Over all Poverty ပေါ့နော်၊ ဆင်းရဲနွမ်းပါးမှုမျဉ်းကိုတော့ အဆင့်(၃)ဆင့်နဲ့ တွက်ချက်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ အဲဒီလိုပဲရည်ညွှန်းအိမ်ထောင်စုတွေအတွက် အစားအစာနဲ့ အစားအစာမဟုတ်တဲ့ စားသုံးမှုအသုံးစရိတ်နဲ့ ဘတ်ဂျက်ငွေ ဆိုပြီးတော့ ကျွန်မတို့ခန့်မှန်းပါတယ်။ အဆင့်(၁)ကတော့၊ (၂)ကတော့ ကျန်တဲ့အသုံးစရိတ် တွေကို ခန့်မှန်းပြီးတဲ့အခါမှာ အဆင့်(၃)ကတော့ Over all Poverty ပေါ့။ ဒီဟာကို ကျွန်မတို့ တွက်ချက် ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ ဆင်းရဲနွမ်းပါးမှုကို တွက်ချက်တဲ့အခါမှာလည်း အပြည်ပြည်ဆိုင်ရာ သတ်မှတ် ချက်နဲ့အညီ ကျွန်မတို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ကျွန်မအနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်မတို့ IHLCA စစ်တမ်းတွေအရကြည့်မယ်ဆိုရင် အစားအစာဆင်းရဲမှုအခြေအနေဟာ ၂၀၀၅ ခုနှစ်မှာ (၉.၆)ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ အဲဒီထဲမှာကို မြို့ပြအစားအစာဆင်းရဲမှုက (၆.၁)ရာခိုင်နှုန်းရှိပြီးတော့ ကျေးလက်အစားအစာဆင်းရဲမှုက (၁၀.၉)ရာခိုင်နှုန်းရှိခဲ့ပါတယ်။ နောက် ၂၀၁၀ မှာတော့ တစ်နိုင်ငံလုံး အဆင့်က (၄.၈) ရာခိုင်နှုန်းကို ကျဆင်းသွားခဲ့ပါတယ်။ မြို့ပြအစားအစာ ဆင်းရဲမှုက (၂.၅)ရာခိုင်နှုန်းပဲ ရှိပါတယ်။ ကျေးလက် အစားအစာ ဆင်းရဲမှုကတော့ (၅.၆) ရာခိုင်နှုန်း ရှိခဲ့ကြောင်း တင်ပြအပ်ပါတယ်။ Over all Poverty ဆင်းရဲ နွမ်းပါးမှုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ကျွန်မတို့ ၂၀၀၅ ခုနှစ်မှာ (၃၂.၁) ရာခိုင်နှုန်းရှိပါတယ်။ မြို့ပြဆင်းရဲနွမ်းပါးမှုက (၂၁.၅)ရာခိုင်နှုန်း ရှိပါတယ်။ ကျေးလက် ဆင်းရဲနွမ်းပါးမှုက (၃၅.၈)ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၀ မှာ (၂၅.၆)ရာခိုင်နှုန်းကျသွားပါတယ်။ (၂၆)ရာခိုင်နှုန်း ကျသွား ပါတယ်။ သို့ရာတွင် မြို့ပြဆင်းရဲနွမ်းပါးမှုက (၁၅.၇) ရာခိုင်နှုန်း၊ ကျေးလက်ဆင်းရဲနွမ်းပါးမှုက (၂၉.၂) ရာခိုင်နှုန်းရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ အစားအစာဆင်းရဲမှုမှာရော ကျွန်မတို့ဆင်းရဲနွမ်းပါးမှုအခြေအနေ နှစ်ရပ်လုံး မှာပါ မြို့ပြနဲ့ကျေးလက်ဆင်းရဲမှုက နှစ်ဆခန့် ကွာဟနေကြောင်း တွေ့ရှိရပါတယ်။ ကျေးလက်ဆင်းရဲမှုက များစွာပိုနေကြောင်း ကျွန်မတို့အနေနဲ့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ မြန်မာနိုင်ငံလူဦးရေရဲ့ (၇၀)ရာခိုင်နှုန်းနေထိုင်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ဟာ ပြည်ထောင်စု အစိုးရရဲ့ ပထမအဆင့်ဦးစားပေးလုပ်ငန်းထဲမှာပါဝင်ခြင်း ဖြစ်ပါတယ်။ ကျေးလက်ဒေသမှာ ဆင်းရဲနွမ်းပါး မှု လျှော့နည်းလာစေဖို့အတွက် ကျွန်မတို့ ၂၀၁၁ ခုနှစ် မေလအတွင်းမှာ ကျင်းပခဲ့တဲ့ ကျေးလက်ဒေသ

ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဥ် (၈)ရပ်ကို ကျွန်မတို့ ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီ လုပ်ငန်းစဥ် (၈)ရပ်မှာလည်း ဘက်စုံ ပါဝင်ပါတယ်။ လယ်ယာ၊ သားငါး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်း အသေးစားတွေ၊ နောက်တစ်ခါ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ သမဝါယမလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ဖို့၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့စသဖြင့် ကျွန်မတို့က ဘက်ပေါင်းစုံကနေပြီးတော့ ဆောင်ရွက်ဖို့အတွက် ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒီအခါမှာ ကျွန်မတို့က ငွေကြေးပံ့ပိုးဖြေရှင်းရုံတင်မကဘဲနဲ့ ကျွန်မတို့က နိုင်ငံတကာ အတွေ့အကြုံတွေကို လေ့လာပြီးတော့ ကိုယ့်ရဲ့အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ပါမယ်၊ အခြားနိုင်ငံတွေရဲ့ အတွေ့အကြုံတွေကိုယူပြီးတော့ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူတွေ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ ကျေးလက်ရော၊ မြို့ပြရော ဆင်းရဲနွမ်းပါးမှုကို တိုးတက်မြင့်မားလာအောင်၊ လူမှုစီးပွားတိုးတက် မြင့်မားလာအောင်လုပ်မှာဖြစ်ပါတယ်။ နောက်တစ်ခါကဏ္ဍတွေအပြင် ဝန်ဆောင်မှုကဏ္ဍတွေပေ့ါ၊ ခရီးသွားကဏ္ဍတွေရော အကုန်လုံး တိုးတက်လာဖို့ ခုနလွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပဲ Management, Marketing ဒီကစပြီးတော့ ကျွန်မတို့လူမှုစီးပွားဘဝတိုးတက်လာအောင် သင်ကြားပေးဖို့ ရည်ရွယ်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက ဆောင်ရွက်ခဲ့ကြပါတယ်။ ကိုယ်နဲ့ပတ်သက်တဲ့ ကဏ္ဍအသီးသီးမှာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒတွေကို ချမှတ်ပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက စီမံကိန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နေကြကြောင်းလည်း တင်ပြအပ်ပါတယ်။

ကျွန်မ ကျေးလက်နေပြည်သူတွေ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေဖို့အတွက် ပြည်နယ်/ တိုင်းဒေသကြီး (၁၄)ခုနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ခုမှာဆိုရင် ကျေးလက်လမ်းတွေ၊ တံတားတွေ ဖောက်လုပ်ပေးတာတွေ၊ မီးလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့တာတွေ ရှိပါတယ်။ နောက်တစ်ခါ UNDP နဲ့ ပူးပေါင်းပြီးတော့ မြို့နယ် (၂၃)ခုမှာဆိုရင်လည်း အသေးစားငွေကြေး ဝန်ဆောင်မှု လုပ်ငန်းတွေကိုလည်းဆောင်ရွက်ခဲ့ပါတယ်။ ဒီဝန်ကြီးဌာနအလိုက်၊ နောက်ကျေးလက်ပြည်သူတွေရဲ့ အခြေခံသစ်တောထွက်ပစ္စည်းတွေ၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက်လည်း သစ်တောဦးစီးဌာနကနေပြီးတော့ ကျေးရွာသုံးစိုက်ခင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေကိုလည်း စိုက်ပျိုးပေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့အတွက် အသေးစား ငွေရေးကြေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လုပ်ထုံးလုပ်နည်းတွေနဲ့ ညွှန်ကြားချက်တွေကိုလည်း ထုတ်ပြန်ခဲ့ပါတယ်။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းတွေကိုလည်း စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီရဲ့ တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေတို့မှာ အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီကိုလည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက် လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

နောက် အသေးစားချေးငွေ လုပ်ကိုင်ခွင့်လိုင်စင်တွေကိုလည်း ထုတ်ပေးလျက်ရှိပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာဆိုရင် INGO (၆) ဖွဲ့၊ NGO (၁၂)ဖွဲ့၊ သမဝါယမ (၆၈)ဖွဲ့၊ ပြည်ပကုမ္ပဏီ (၂) ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ (၅၄) ဖွဲ့ကို လုပ်ကိုင်ခွင့်လိုင်စင်တွေကို ထုတ်ပေးခဲ့ပါတယ်။ မြို့နယ်ပေါင်း (၁၆၅)

မြို့နယ်မှာ ကျေးရွာပေါင်း (၆၁၄၀)မှာဆိုရင် ကျွန်မတို့က ကျပ်သန်းပေါင်း ခြောက်သောင်းကျော်ကို ကျွန်မတို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့လည်း ထုတ်ချေးနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခါ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် လီမိတက်အနေနဲ့လည်း အသေးစား မွေးမြူရေး ချေးငွေထုတ်ချေးမှုကို ဆောင်ရွက်ခဲ့တဲ့အခါမှာ ၂၀၁၂-၂၀၁၃ မှာ တိုင်းဒေသကြီး (၁၂)ခုနဲ့ ပြည်နယ် (၉)ခုတို့မှာဆိုရင် ကျပ်သန်းပေါင်း ၁၃၀၀၀ ကျော်ကို ထုတ်ချေးခဲ့ပါတယ်။ နောက် သားကဏ္ဍ ငါးကဏ္ဍတို့နဲ့လည်း ပတ်သက်တဲ့လုပ်ငန်းတွေ အစုအဖွဲ့တွေအတွက်ကိုလည်း သက်ဆိုင်ရာ ငွေကြေး အကူအညီများ ထောက်ပံ့ပေးခဲ့ကြောင်းကိုလည်း ကျွန်မအနေနဲ့တင်ပြအပ်ပါတယ်။ မွေးမြူရေး၊ ရေ လုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေနဲ့ဆိုရင်လည်း ကျွန်မတို့ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP နဲ့ ပူးပေါင်းပြီးတော့ ၂၀၀၃ ခုနှစ်ကနေပြီးတော့ ၂၀၁၂ ခုနှစ်အထိကို ကျေးလက်လူမှု ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Integrated Community Development Project (ICDP)ကို ပြည်နယ်နဲ့ တိုင်းဒေသကြီး (၆)ခုမှာရှိတဲ့ စီမံကိန်း (၂၃)မြို့နယ်မှာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် WFP နဲ့ ပူးပေါင်းပြီးတော့လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးမှာရှိတဲ့ ကျေးရွာပေါင်း(၁၅၀)ရွာက အိမ်ထောင်စုပေါင်း(၂၄၀၀)ကို ကျွန်မတို့ ဆင်းရဲမှု စားနပ် ရိက္ခာဖူလုံမှုနှင့် အဟာရချို့တဲ့မှုကြားမှာ ဆက်စပ်မှုတွေလေ့လာဖို့အတွက် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဆိုင်ရာလေ့လာမှုစစ်တမ်း Food Security and Proverty Survey ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ကနေပြီးတော့ ဇူလိုင်လအတွင်း ကောက်ယူခဲ့ပါတယ်။

နောက်တစ်ခါ ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်(၃၈) မြို့နယ် မှာလည်း အိမ်ထောင်စုတွေကို ရွေးချယ်စစ်တမ်း ကောက်ယူခြင်းတွေကို ၂၀၁၃ ခုနှစ် နိုင်ဝင်ဘာလ ၂၃ ရက်နေ့ကနေပြီးတော့ ဒီဇင်ဘာလ ၇ ရက်နေ့ အတွင်းမှာ ဆောင်ရွက်ခဲ့ပါတယ်။ ပြီးတဲ့အခါမှာ အပြည် ပြည်ဆိုင်ရာ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို လေ့လာပြီးတော့ လူမှုစီးပွားရေးတိုးတက်အောင် ဒါကို ဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်တစ်ခါ ကချင်၊ ချင်း၊ ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်တွေမှာလည်း ဒီလိုပဲ ၂၀၁၄ ဖေဖော်ဝါရီလ ကစပြီးတော့ စစ်တမ်းတွေ ကောက်ပြီးတော့ စစ်တမ်းအသေးလေးတွေ ကောက်ပြီးတော့ ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခါ ကမ္ဘာ့ဘဏ်က ထောက်ပံ့တဲ့ အမေရိကန် ဒေါ်လာသန်း (၈၀)နဲ့ လူထုအခြေပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်းကို ကျွန်မတို့ ၂၀၁၂-၂၀၁၃ ကနေပြီးတော့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အထိကို ပြည်နယ်/တိုင်းဒေသကြီး (၁၄)ခုနဲ့ နေပြည်တော်ကောင်စီနယ်မြေတို့မှာရှိတဲ့ မြို့နယ်(၁) မြို့နယ် စီ စုစုပေါင်း (၁၅)မြို့နယ်တို့မှာဆိုရင် ကျွန်မတို့က ပညာရေး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ကိစ္စရပ်တွေ နောက်တစ်ခါ၊ ရေရရှိရေး၊ နေရောင်ခြည်သုံး၊ စွမ်းအင်သုံး၊ ဇီဝလောင်စာသုံး ကျေးလက် မီးလင်းရေး လုပ်ငန်းတွေစသဖြင့် လုပ်ငန်းစဉ်တွေကို ဆက်လက်ပြီးတော့ ဒါကိုဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ အဲဒီမှာ ပညာရေး ကျန်းမာရေးလုပ်ငန်းတွေမှာ ပါ ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပညာရေး၊ ကျန်းမာရေး နိမ့်ကျမယ်ဆိုရင်လည်း ကျွန်မတို့က ဆင်းရဲ နွမ်းပါးမှု သံသရာက လွတ်မြောက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေ အပြင် လူမှုရေးလုပ်ငန်းတွေကိုပါ ကျွန်မတို့ ဆက်ပြီးတော့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်

ပါတယ်။ ဒီလုပ်ငန်းတွေကို ကျွန်မတို့ People Centred Approach နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ချင်းပြည်နယ်မှာရှိတဲ့ ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ်မှာရှိတဲ့ နမ့်ဆန်မြို့နယ်နဲ့ တနင်္သာရီတိုင်းဒေသ ကျွန်းစုမြို့နယ်တို့မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာကျတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်မှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ မှာတော့ ကချင်၊ ကယား၊ ပဲခူး၊ မန္တလေး၊ မွန်၊ ရန်ကုန်နဲ့ နေပြည်တော်ကောင်စီနယ်မြေတို့မှာ ကျွန်မတို့က မြို့နယ်တစ်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စုတွေ အားလုံးဟာ ဘဏ္ဍာရေးနှစ် (၃)နှစ်တာ ကာလအတွင်းမှာ ကျွန်မတို့ဟာလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းဟာ ဘာလဲဆိုတော့ ငွေကြေးထောက်ပံ့ရုံတင် မဟုတ်ဘဲနဲ့ ဆင်းရဲနွမ်းပါးတဲ့ လူထုတွေအနေနဲ့ အခြေခံလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ကိုယ်တိုင်ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးမှုအသီးအပွင့်တွေကို အကျိုးခံစားရရှိစေဖို့အတွက် ဆောင်ရွက်သွားမယ့် လုပ်ငန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့ အာရှဖွံ့ဖြိုးရေးဘဏ် ADB နဲ့လည်း ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံရဲ့ ကျေးလက် အသက်မွေးဝမ်းကျောင်းနဲ့ ဝင်ငွေမြှင့်တင်ရေး စီမံကိန်းတွေကို ကျွန်မတို့ ၂၀၁၃ ကနေပြီးတော့ ၂၀၁၆ ထိ အမေရိကန်ဒေါ်လာ (၁၂)သန်းနဲ့ ဧရာဝတီ၊ မကွေး၊ မန္တလေး။ တနင်္သာရီ၊ ရှမ်းမှာရှိတဲ့ မြို့နယ် (၆)ခု မှာရှိတဲ့ ကျေးရွာအုပ်စု (၉၆)ခုမှာလည်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

အဓိကအားဖြင့်တော့ ကျွန်မတို့ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးမြင့်စေဖို့နဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို မြှင့်တင်ပေးဖို့အတွက် ဆောင်ရွက်သွားမယ့် စီမံကိန်းတွေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ Infrastructure အနေနဲ့တော့ ကျွန်မတို့ ဂျာမဏီဖွံ့ဖြိုးရေးဘဏ် KFW နဲ့ပူးပေါင်းပြီး ကျေးလက်လမ်းတွေ၊ ကျေးလက်ကုန်ထုတ်လုပ်လမ်းတွေကို ပြုပြင်ဆောက်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ အပြည်ပြည်ဆိုင်ရာကယ်ဆယ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ IRD နဲ့ ပူးပေါင်းပြီးတော့ လူသားချင်းကူညီစောင့်ရှောက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ရေရရှိရေးနဲ့ သန့်ရှင်းရေး ဒီစီမံချက်တွေကို ၂၀၁၃ ခုနှစ် ကနေပြီးတော့ ၂၀၁၆ ခုနှစ်အထိ အမေရိကန် ဒေါ်လာ (၃)သန်းနဲ့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကနေပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းအနေနဲ့ကတော့ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာရှိတဲ့ ကျေးရွာတွေကနေပြီးတော့ အိမ်ထောင်စုတွေမှာ ဒေသထွက်ကုန် တိုးလာစေဖို့အတွက် စိုက်ပျိုးရေးသင်တန်းတွေ ပေးတာတွေ၊ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းဖို့အတွက် လုပ်ကိုင်နည်း သင်တန်းတွေ ပေးသွားမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ တစ်ကိုယ်ရေသန့်ရှင်းရေး ကျန်းမာရေးကိစ္စရပ်တွေ၊ နောက်တစ်ခါ သန့်ရှင်းရေနဲ့ သောက်သုံးရေထောက်ပံ့ပေးတဲ့ကိစ္စရပ်တွေ ဒါတွေကိုဆက်လက်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ကြောင်းလည်း တင်ပြအပ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့အနေနဲ့ ၂၀၀၅ ခုနှစ်မှာတုန်းကတော့ ဆင်းရဲနွမ်းပါးမှုဟာ (၃၂) ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၀ မှာကျတော့ (၂၆) ရာခိုင်နှုန်းကို လျော့ကျသွားပါတယ်။ ၂၀၁၅ မှာတော့ (၁၆)ရာခိုင်နှုန်းထိ ဒီထက်ကိုကျဆင်းသွားဖို့ ရည်မှန်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာဆိုရင်လည်း ကျွန်မတို့ကအခြားနိုင်ငံများရဲ့ အတွေ့အကြုံပေါ်မှာရယူမယ်။ နောက်

တစ်ခါ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပြီးတော့ ငွေကြေး အရင်း အနှီးထောက်ပံ့ရုံတင် မဟုတ်ဘဲနဲ့ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းအတွက်ပါ လုပ်ငန်းကိုင်ငန်းတွေကိုပါ လုပ်တတ်ကိုင်တတ်အောင် ဖြည့်ဆည်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း နောက် ဝန်ကြီးဌာနတွေကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာန(၈)ခုတင်မဟုတ်ဘဲနဲ့ ကျန်တဲ့ဝန်ကြီးဌာနတွေကပါ သက်ဆိုင်ရာ အပိုင်းအလိုက် ပညာရေး၊ ကျန်းမာရေးစသဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း ဆင်းရဲနွမ်းပါး မှုမှလျော့နည်းသွားအောင် ဆောင်ရွက်လျက်ရှိကြောင်း ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၃၈။

ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား အနည်းငယ် ဆွေးနွေးခွင့်ပြုပါ။ ကျွန်တော်တို့ သက်ဆိုင်ရာ ပြန်လည်ပြီးတော့ ရှင်းလင်း ဖြေကြားသွားတာအင်မတန်မှ ဝမ်းသာစရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေဟာ ကျွန်တော်တို့ ပြည်သူလူထုလည်းပဲသိသင့်သိထိုက်ပါတယ်။ ဒါတွေဟာလည်းပဲ မှတ်တမ်းအနေနဲ့ထားပြီးတော့ ဆက်လက် ဆောင်ရွက်သွားမယ့် ကိစ္စရပ်တွေဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှဝမ်းသာပါတယ်။ ကျွန်တော့်အနေနဲ့ လည်းပဲ Integrated Housinghold Living Condition Survey စသည်အားဖြင့် ဒီဟာတွေ သိပါတယ်။ ခုနတုန်းက ဆရာမပြောတဲ့ဟာတွေ၊ နောက်ကျွန်တော် တစ်ခုထူးခြားတာက ကျွန်တော့်အနေနဲ့ သိချင်တာ ဥပမာ ကျွန်တော်တို့ အဲဒီလိုလုပ်နေတဲ့ကြားထဲက ကရင်ပြည်နယ်ရယ်၊ ရန်ကုန်ရယ်၊ ရှမ်းရယ် ကပြန်ပြီးတော့ Poverty Reduction မဟုတ်ဘဲနဲ့ ထပ်ပြီးတော့ သူကကျသွားတဲ့ သဘောမျိုးရှိ နေတယ်လို့ ကျွန်တော်သိရပါတယ်။ အဲဒါက ဘယ်လိုသဘောမျိုးလဲ မသိပါဘူးခင်ဗျာ။ အဲဒီလောက်လုပ် နေပါတယ်၊ လုပ်နေတဲ့ကြားထဲက ကရင်ရယ်၊ ရှမ်းရယ်၊ ရန်ကုန်ရယ်က ကျွန်တော်တို့ မတိုးတက်လာဘဲနဲ့ ဆင်းရဲမှုကပိုပြီးတော့များလာတယ် ဆိုတဲ့သဘောမျိုး ကျွန်တော်လေ့လာသိရှိရပါတယ်။ အဲဒါ ဘယ်လိုများ ပါလိမ့်၊ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

အချိန်၊ ၁၀း၃၉။

ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။ ။ ကျေးဇူးတင်ပါတယ်ရှင့်။ ကျွန်မတို့က IHLCA Survey ကို စစ်တမ်း ကောက်ပြီးတော့ ဆောင်ရွက် တယ်ပေါ့၊ ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့ ၂၀၀၅ မှာ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်ဟာဆိုရင် ဆင်းရဲနွမ်းပါးမှုနှုန်းက တော်တော် နိမ့်ကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ခုန တင်ပြခဲ့သလို IHLCA စစ်တမ်းကို ကောက်တဲ့အခါမှာ ကျွန်မတို့ ဘက်စုံစီးပွားရေးစစ်တမ်းကို ကောက်တဲ့အခါမှာ ကျွန်မတို့ အကုန်လုံးပေါ့ ပါ ပါတယ်။ ခုနတုန်းကလည်း Remittance တွေတောင် ပါ ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လွှဲပို့ငွေတွေ ဝင်ငွေ ဘယ်လောက်ရတယ်၊ အသုံးစရိတ် ဘယ်လောက်ရတယ် စသဖြင့် ကောက်ယူတဲ့အတွက်ကြောင့်မို့လို့ ကရင်နဲ့ မွန်က ဆင်းရဲနွမ်းပါးမှုနှုန်းက လျော့နည်းပါတယ်။ နောက်တစ်ခါ ဆရာ ပြောသလိုဆိုရင် ကျွန်မတို့ ကရင်ရယ်၊ ရန်ကုန်ရယ်၊ ရှမ်းရယ်က ၂၀၁၀ နဲ့ ၂၀၀၅ ခုနှစ်နဲ့ ယှဉ်မယ်ဆိုရင် ဆင်းရဲနွမ်းပါးမှုက ဒီဟာက ကျသွားတယ်၊ မြင့်လာတယ်လို့ ပြောပါတယ်။ ဒါ မြင့်လာ တယ်လို့ မဟုတ်ပါ ဘူးရှင်။ ဘာဖြစ်လို့လဲဆိုတဲ့အခါမှာ သူ့ရဲ့ ဆင်းရဲနွမ်းပါးမှုက အဓိက

လူဦးရေကလည်း တိုးလာတယ်၊ ရန်ကုန်မှာကျရင်တော့ Organization လူဦးရေကလည်း များစွာ ဖြစ်လာတယ်။

ဒါကြောင့်မို့လို့ ဘယ်လိုခေါ်မလဲ၊ Urban slam တွေလည်း ရှိလာတဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့ဆင်းရဲနွမ်းပါးမှုဟာ အတိုင်းအတာတစ်ရပ်အနေနဲ့ သူက သိပ်ပြီးတော့ ကျဆင်းမှုမရှိသေးဘဲနဲ့ ဒီဟာ တန့်နေတဲ့ သဘောရှိတာပါ။ သူက ဆင်းရဲနွမ်းပါးမှု မြင့်သွားတာမဟုတ်ပါဘူးရှင့်။ အဲဒီလိုပဲ ကျွန်မတို့က ဒီ ကရင်တို့၊ ရှမ်းတို့မှာလည်း ကျွန်မတို့က လူမှုရေး၊ စီးပွားရေး အကုန်လုံးကို ကောက်တယ်။ အထူးသဖြင့် လွှဲပို့ငွေတွေ၊ ဘာတွေက စပြီးတော့ ကောက်တဲ့အခါမှာကျတော့ ကရင်နဲ့ ရှမ်းမှာတော့ သိသာလောက်တဲ့ ကျဆင်းမှုပေါ့နော်၊ ဆင်းရဲနွမ်းပါးမှုကျဆင်းမှုကို မတွေ့ရသေးခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အခု ဒါကြောင့်မို့လို့ ကျွန်မတို့သည် ဘက်စုံကနေပြီးတော့ ပြန်ပြီးတော့၊ ကဏ္ဍပေါင်းစုံက၊ ဘက်စုံက ပြန်ပြီးတော့ ကြိုးစား ဆောင်ရွက်နေတယ်ဆိုတာလည်း ကျွန်မ တင်ပြပြီးဖြစ်ပါတယ်။ ထုတ်လုပ်မှုကဏ္ဍတွေ တင်မကဘဲနဲ့ ကျွန်မတို့ ခုနက ဝန်ဆောင်မှုပေါ့နော်၊ ကဏ္ဍတွေမှာ ကျန်တဲ့ ဝန်ကြီးဌာနတွေရော အားလုံးပေါ့နော်၊ အဖွဲ့အစည်း အားလုံးကလည်း ဆောင်ရွက်နေတယ် ဆိုတာလည်း တင်ပြပြီးဖြစ်ပါတယ်။

ဥပမာဆိုရင် ကျွန်မတို့ ဟိုတယ်နဲ့ခရီးဆိုရင်လည်း ဟိုတယ်နဲ့ခရီးကဏ္ဍ ဖွံ့ဖြိုးရေးတွေ အကုန်လုံးပေါ့၊ ဒါ ဝန်ဆောင်မှုလုပ်ငန်း လုပ်ခြင်းအားဖြင့် ဥပမာဆိုရင် ပင်းတယ်၊ ကျွန်မတို့ ထန်စမ်းဂူ စသည်ဖြင့် ရှမ်းပြည်နယ်မှာလည်း ဒီ ခရီးသွားလာနိုင်မယ့် ဝန်ဆောင်မှုကနေပြီး မြင့်တက်သွားအောင် လူတွေရဲ့ ကျေးလက်၊ မြို့ပြပေါ့၊ အကုန်လုံး လူတွေရဲ့ဆင်းရဲနွမ်းပါးမှုကို ဘယ်လုပ်ငန်းကပဲဖြစ်ဖြစ် လျော့ကျသွားအောင်ဆိုပြီး ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဒါက ကျသွားတာတော့ မဟုတ်ပါဘူး။ သူတို့က သိပ်ပြီးတော့ ဆင်းရဲ နွမ်းပါးမှုကနေပြီးတော့ ဘယ်လိုခေါ်မလဲ၊ သိပ်ပြီးတော့ ဆင်းရဲနွမ်းပါးမှု ကျတဲ့နှုန်းက မမြန်သေးတဲ့သဘောကိုပဲ ကျွန်မအနေနဲ့ ရှင်းလင်းချင်ပါတယ်ရှင့်။ ဆင်းရဲနွမ်းပါးမှု ဆင်းရဲ သွားတာမဟုတ်ပါဘူး။ သို့ရာတွင် ဆင်းရဲနွမ်းပါးမှုကျနှုန်းဟာ သိပ်ပြီးတော့ မမြန်ဆန်ဘူးဆိုတဲ့ သဘောကို တင်ပြချင်ပါတယ်။

ကျွန်မတို့ ၂၀၁၅ မှာလည်း ဆက်ပြီးတော့ ကောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာကျတော့ ပိုပြီးတော့ ကျွန်မတို့က မှန်ကန်သွားနိုင်မယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ သန်းခေါင် စာရင်း၊ လူဦးရေသန်းခေါင်စာရင်းလည်း ကောက်သွားမယ် ဆိုတဲ့အခါမှာ ကျွန်မတို့က ပိုမိုမှန်ကန်တဲ့ ကျွန်မတို့က ဆန်းစစ်မှုကို ရနိုင်ပြီးတော့ ပိုမိုမှန်ကန်တဲ့ နည်းလမ်းတွေနဲ့ ကိုယ့်နိုင်ငံ အတွေ့အကြုံရော၊ အခြားပြည်ပနိုင်ငံများရဲ့ အတွေ့အကြုံနဲ့ပါ ကျွန်မတို့ ဆက်လက်ပြီးဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါ ကြောင်း ကျွန်မအနေနဲ့ ရှင်းလင်းတင်ပြအပ် ပါတယ်ရှင့်။ (ဩဘာသံများ)

တယ်လီဖုန်းနှင့် မြန်မာ့ရုပ်မြင်သံကြား သတင်း ဆက်သွယ်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် မေးခွန်း

အချိန်၊ ၁၀း၄၂။

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးပေါလ်ထန်ထိုင်း က တယ်လီဖုန်းနှင့် မြန်မာ့ရုပ်မြင်သံကြား သတင်းဆက်သွယ်ရေးလုပ်ငန်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၀း၄၂။

ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ရိုသေလေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ တယ်လီဖုန်းနှင့် မြန်မာ့ရုပ်မြင်သံကြား သတင်းဆက်သွယ်ရေးလုပ်ငန်း ကိစ္စရပ်များနဲ့ စပ်လျဉ်းတဲ့ မေးခွန်းများကို မေးမြန်း သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ကျွန်တော်ဖတ်မယ်။ စာဖတ်ပါမယ်။ ကျွန်တော့်မေးခွန်းကို စာနဲ့ဖတ်မယ်။ ခွင့်ပြုပါ။

ဥက္ကဋ္ဌ။ ။ကြားတော့ မကြားရဘူး။ ဒါပေမဲ့ ခွင့်ပြုပါတယ်။

ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ မည်သည့်နယ်စပ်ဒေသမှာမဆို ယခင်က တောသားလို့ခေါ်တဲ့ လူတန်းစားလွှာမျိုး မရှိတော့ပါဘူး။ တောသားခေတ် ကုန်ပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ တောသားဆိုတဲ့ ဘဝကို ကျော်လွှားပြီး လူတိုင်း လူတိုင်းသည် မြို့ပေါ်မှာရှိတဲ့ စာတတ်ပညာရှင်ကြီးများ၊ ဝန်ထမ်းအရာရှိကြီးများ၊ ချမ်းသာတဲ့ သူဌေးကြီးများကဲ့သို့ ကုလားထိုင်ပေါ်မှ ပြည်တွင်း/ပြည်ပ သတင်းအမျိုးမျိုးကို ကြားချင်၊ သိချင်၊ မြင်ချင်ကြပါတယ်။ ပြည်သူများသည် ခေတ်မီတဲ့၊ ခေတ်မီသည်သာမက အဆင့်မြင့်ခေတ်မီဘဝကို ရောက်ရှိကြပြီ ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေးကဲ့သို့ မြို့ကြီးရှိ ပြည်သူများနည်းတူ အိမ်ခြေ (၂၀)၊ (၃၀) သာ ရှိသည့် ကျေးလက်နေပြည်သူများကလည်း မိမိတို့အိမ်မှ လိုအပ်တဲ့ ကိစ္စရပ်များကို ဖုန်းဖြင့် ပြောချင်ကြ ပါသည်။ ရေဒီယိုဖြင့် သတင်းများ နားထောင်ချင်ကြပါသည်။ မိမိတို့အိမ်မှာ တီဗွီ၊ ဗွီဒီယို ကြည့်ချင် ကြပါသည်။ အဲဒါကတော့ အားလုံးအသိဖြစ်ပါတယ်။

မြို့နဲ့ ကျေးလက်ဒေသပြည်သူများ အတွေးအခေါ်၊ အမြော်အမြင်၊ အသိတရားဟာ ကွာဟမှု မရှိသလောက် ဖြစ်နေပါပြီဆိုတာ ကျွန်တော် ပြောချင်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရကလည်း ပြည်သူများလိုချင်တဲ့ဆန္ဒကို ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဝမ်းသာစွာ ကြိုဆို ပါတယ်။ တယ်လီဖုန်းဆက်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့ အစိုးရက နိုင်ငံခြားကုမ္ပဏီကြီး(၂)ခုကို လုပ်ပိုင်ခွင့်ပေးရန် စနစ်တကျ ရွေးချယ်သတ်မှတ်ထားပြီးဖြစ်ကြောင်းကိုလည်း သိရပါတယ်။ ပြည်သူများက တယ်လီဖုန်း လိုချင်ကြပြီဆိုတော့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ယခုခေတ်သည် လူတိုင်း တယ်လီဖုန်း ခေတ်ဖြစ်လာပါပြီ။ တယ်လီဖုန်းတာဝါများ၊ ရုပ်မြင်သံကြား၊ သတင်းဆက်သွယ်ရေးလုပ်ငန်းများကိုလည်း အစိုးရက နှစ်စဉ် တိုးချဲ့ဆောင်ရွက်သလို ကျေးလက်ဒေသရှိ ပြည်သူများကို ဦးစားပေးပြီး ဈေးနှုန်း သက်သာတဲ့ တယ်လီဖုန်းများကိုလည်း လျင်မြန်စွာ ဖြန့်ဝေပေးသင့်ပါတယ်ဆိုတာ ကျွန်တော် ပြောချင် ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူကို ဗဟိုပြု အောက်ခြေဦးစားပေး မူဝါဒချမှတ် လုပ်ဆောင်နေပြီ ဆိုတာကိုလည်း ပြည်သူများအတွက် အလွန် ကောင်းသော မူဝါဒလို့ ဆိုနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးချင်တဲ့ မေးခွန်းများကတော့ (၁) လူတိုင်း တယ်လီဖုန်း အသုံးပြုနိုင်ရေးနဲ့ ကျေးရွာအုပ်စုတိုင်း မြန်မာ့ရုပ်မြင်သံကြား၊ တီဗွီ အသုံးပြုနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တယ်လီဖုန်းတာဝါများ မည်မျှစီ တည်ဆောက်ပေးရန် အစီအစဉ် ရှိသည်ကို

သိလိုပါတယ်။ (၂) တည်ဆောက်ပြီး တယ်လီဖုန်းတာဝါ မည်မျှရှိသည်ကိုလည်း သိလိုပါတယ်။ (၃) ကတော့ ချင်းပြည်နယ် ထန်တလန်မြို့မှာ အော်တိုဖုန်း တပ်ဆင်ပေးပြီးဖြစ်သော်လည်း CDMA ဖုန်းမျိုးကိုသာ အသုံးပြုနိုင်ပြီး GSM ဖုန်းများ သုံးမရခဲ့ပါ။ အဲဒါကြောင့် ထန်တလန်မြို့နယ်မှာ GSM ဖုန်းမျိုးကိုလည်း အသုံးပြုနိုင်ရန် ဖုန်းတာဝါများ တိုးချဲ့ တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ (၄) မြန်မာနိုင်ငံမှာ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရွေးချယ်ထားပြီးဖြစ်တဲ့ နိုင်ငံခြား ကုမ္ပဏီကြီး (၂)ခုကို မည်သည့်အချိန်မှ သို့မဟုတ် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ကျွန်တော် စာတင်တုန်းက ဇန်နဝါရီလ ဖြစ်နေလို့၊ ဇန်နဝါရီလမှ စတင်၍ အလုပ်လုပ်စေရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ (၅) တယ်လီဖုန်း ဆက်သွယ်ရေး လုပ်ငန်းမှာ နိုင်ငံခြားကုမ္ပဏီ (၂)ခုအပြင် ပြည်တွင်း ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများ ပါဝင်ခြင်း ရှိ/မရှိ၊ ပါဝင်ကြပါက ကုမ္ပဏီများအမည်၊ အဖွဲ့အစည်းများ အမည်များကို သိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၀း၄၉။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၀း၄၉။

ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ဦးသောင်းတင်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ၏ တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ကိုယ်စားလှယ်ကြီး ဦးပေါလ်ထန်ထိုင်း မှ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ စိတ်လှုပ်ရှားဖွယ် တင်ပြသွားပါတယ်ခင်ဗျ။ တောသားခေတ် ကုန်ပါပြီ၊ ကျေးလက်မှာနေရင်းနဲ့ ထိုင်ရာမထ အချက်အလက်အားလုံးကို နိုင်ငံတကာနဲ့ တစ်ပြေးညီ ရရှိနိုင်ဖို့အတွက် တယ်လီဖုန်းတွေကနေ ဆောင်ရွက် ပေးနေပါပြီလို့ တင်ပြသွားပါတယ်ခင်ဗျ။ အင်မတန် ကျွန်တော်တို့အတွက် တာဝန် ပိုပြီးတော့၊ ရှိပြီးတော့ လျင်မြန်စွာ ဆောင်ရွက်ပေးဖို့ဆိုတာကို ခံယူရပါတယ်ခင်ဗျ။ ဦးပေါလ်ထန်ထိုင်း မှ ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့၊ စေ့စေ့စပ်စပ် သေချာစွာလေ့လာပြီးတော့၊ အများပြည်သူ အကျိုးရှိပြီးတော့၊ သိသင့်တဲ့ အချက်တွေကို ပြည်သူများကိုယ်စား စနစ်တကျမေးခွန်း(၅)ခုခွဲပြီးတော့ မေးမြန်းသွားပါတယ်ခင်ဗျ။ မေးခွန်း များကို တစ်ခုချင်းအလိုက် ရှင်းလင်းဖြေကြားသွားပါမယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မေးခွန်းများကို မဖြေကြားခင်မှာ ဆက်သွယ်ရေးကဏ္ဍရဲ့ (Libelization) ဖြေလျော့ခြင်းကဏ္ဍနဲ့ ပြုပြင်ပြောင်းလဲခြင်း (Reform) အစီအစဉ်တွေရဲ့ နောက်ဆုံးအခြေအနေလေးကို အစီရင်ခံခွင့်ပြုပါခင်ဗျ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနဟာ ယခင်က မူဝါဒချမှတ်ခြင်း၊ ပေါ်လစီချမှတ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT နာမည်နဲ့ Operator ဝန်ဆောင်မှုပေးခြင်း၊ စည်းကမ်း နည်းလမ်း

တကျ ဆောင်ရွက်ထိန်းချုပ်ခြင်း (Regulator) တာဝန်များကို တစ်စုတစ်ပေါင်းတည်း ဆောင်ရွက်ခဲ့ပါတယ်ခင်ဗျား။ ယခုအခါ လွှတ်တော်မှ အောက်တိုဘာ ၈ ရက်၊ ၂၀၁၃ ခုနှစ်မှာ အတည်ပြုပြီးခဲ့တဲ့ ဆက်သွယ်ရေးဥပဒေသစ်အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနက အဖွဲ့အစည်း (၃)ခု ပုံသဏ္ဌာန် ပြောင်းလဲ ပြီးတော့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်ခင်ဗျ။ အဖွဲ့အစည်း တစ်ခုကတော့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေဟာ တစ်ဦးတည်း ချုပ်ကိုင်ဆောင်ရွက်တဲ့ကိစ္စ မဟုတ်တော့ဘဲနဲ့ ပုဂ္ဂလိကကဏ္ဍကနေပြီးတော့ လွတ်လပ်စွာ ဈေးကွက်စီးပွားရေးနဲ့အညီ လုပ်ကိုင်ခွင့် ပြုသွားမှာဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ဟာ ပထမအဆင့် Co-operation အသွင်ပြောင်းပြီးတော့ အများပိုင် ကုမ္ပဏီအဖြစ် ပြောင်းလဲသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိက Operator (၃)ဦးနဲ့အတူ ယှဉ်ပြိုင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒုတိယ Financial Unit တစ်ခုအနေနဲ့ကတော့ ဆက်သွယ်ရေး ဥပဒေသစ်အရ Operator များကို မျှတစွာ ယှဉ်ပြိုင်ရေး၊ ဈေးကွက်ကို လက်ဝါးကြီးမအုပ်ရေး၊ ဈေးနှုန်း ချိုသာပြီး အရည်အသွေးကောင်းမွန်တဲ့ ဆက်သွယ်ရေး ဝန်ဆောင်မှုတွေကို ပြည်သူများ ရွေးချယ်နိုင်ရေး ဆိုတဲ့ကိစ္စများ ကြီးကြပ်ထိန်းချုပ်ဖို့အတွက် လွတ်လပ်တဲ့ ဆက်သွယ်ရေး ကော်မရှင်ကို (၂)နှစ်အတွင်း ထူထောင်ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ လက်ရှိအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအောက်မှာ Department တစ်ခုအနေနဲ့ ဆောင်ရွက်လျက် ရှိပါတယ်။ တတိယအနေနဲ့ကတော့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနဟာ မူဝါဒချမှတ်ခြင်း၊ နိုင်ငံတော်အဆင့် စီမံကိန်းများ ဆောင်ရွက်ခြင်း၊ e-Goverment နဲ့ Cyber Security တို့ကို ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥပဒေသစ်အရ ကျွန်တော်တို့က အဖွဲ့အစည်း(၃)ခု ပုံသဏ္ဌာန်နဲ့ ခွဲခြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်ခင်ဗျ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနအနေနဲ့ ပြည်သူများရဲ့ လိုအပ်တဲ့ ဆက်သွယ်ရေး ဝန်ဆောင်မှုများရရှိနိုင်ဖို့အတွက် Operator(၂)ဦးကို တင်ဒါစနစ်နဲ့ ခေါ်ယူခဲ့ပါတယ်။ ခေါ်ယူပြီးတဲ့အခါမှာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်အနေနဲ့ ကျွန်တော်တို့ ချမှတ်ခဲ့ပါတယ်။ Operator တွေဟာ လုပ်ငန်းဆောင်ရွက်ပြီးတော့ ပထမ (၁)နှစ်အတွင်းမှာ လူဦးရေ တစ်သိန်းနဲ့အထက် မြို့(၁၅)မြို့၊ ဒုတိယတစ်နှစ်မှာ လူဦးရေ နှစ်သောင်းနဲ့အထက် မြို့အားလုံးမှာ ကျွန်တော်တို့ တယ်လီဖုန်းရရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီအတွက် လိုင်စင်ထဲမှာ တစ်ခါတည်း ထည့်ထားပါတယ်။ အဲဒီကိစ္စများကို မဆောင်ရွက်နိုင်ခဲ့လို့ရှိရင် သတိပေးခြင်း၊ ဒဏ်တပ်ခြင်းနဲ့ လိုင်စင်ပြန်ရုပ်သိမ်းခြင်းတို့ပါ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒါကိုတော့ ဆက်သွယ်ရေးကော်မရှင်က ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ သူတို့အနေနဲ့ Performance Bond အနေနဲ့ ဒေါ်လာသန်း(၂၀၀)ကို ကြိုတင်ပြီးတော့ တင်သွင်းထားရတာ ဖြစ်ပါတယ်ခင်ဗျ။ စပေါ်အနေနဲ့။ ခုနကတုန်းက ဆရာဦးမြင့်ကြည် အနေနဲ့ မေးခွန်းမေးရင်းနဲ့ ရှင်းလင်းပြောသွားတဲ့အခါမှာ တယ်လီဖုန်းဆိုသည်မှာ စကားပြောရုံသက်သက်အနေနဲ့ ဆိုလို့ရှိရင်တော့ သိပ်ပြီးတော့ ရည်မှန်းချက် သိပ်မပြည့်စုံပါဘူးတဲ့။ ပိုပြီးတော့ ကောင်းမွန်ဖို့အတွက်ဆို။

ကျွန်တော် အဲဒါကို လိုက်လိုက်လဲ့လဲ့ ထောက်ခံပါတယ်ခင်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ တယ်လီဖုန်း တစ်လုံးဟာ အခုခေတ်အနေနဲ့ဆိုလို့ရှိရင် စကားပြောရုံသက်သက် မဟုတ်ဘဲနဲ့ တခြား

လူမှုစီးပွားရေးစနစ် ကိစ္စအားလုံးကို ဆောင်ရွက်နိုင်တဲ့ကိစ္စ ဖြစ်သွားပါပြီ။ ကျွန်တော်တို့ လူတစ်ဦးချင်းရဲ့ နိစ္စဒူဝ ကိစ္စတွေအားလုံးကို ပြောင်းလဲနိုင်တဲ့ ကျွန်တော်တို့ Magic Diverse ဖြစ်သွားပါပြီ ခင်ဗျား။ အဲဒီရည်ရွယ်ချက်တွေကို ကျွန်တော်တို့ ကြိုတင်မှန်းဆပြီးတော့ ဒီ Operator တွေဆောင်ရွက်တဲ့ အချိန်မှာ တယ်လီဖုန်း လွှမ်းခြုံမှုအပြင် ကျွန်တော်တို့က ၂၀၁၅ ခုနှစ်အကုန်မှာ၊ ၂၀၁၅ ခုနှစ်အတွင်းမှာ လူဦးရေ (၅၀)ရာခိုင်နှုန်း တယ်လီဖုန်းရဖို့ ကျွန်တော်တို့ သတ်မှတ်ထားပါတယ်။ ရည်မှန်းချက်ထား ပါတယ်။ အဲဒါအပြင် ကျွန်တော်တို့ Internet နဲ့ ကျွန်တော်တို့ Data Communication ပေါ့လေ၊ Internet Data ရရှိမှုအတွက်ပါ ကျွန်တော်တို့ တစ်ပါတည်း သတ်မှတ် ထားပါတယ် ခင်ဗျား။

အဲဒါအပြင် ကျွန်တော်တို့က တယ်လီဖုန်း ရရှိရုံသာမကဘဲနဲ့ တယ်လီဖုန်းပေါ်မှာ ကျွန်တော်တို့ Value-added Services ပေါ့။ Application Services တွေ၊ ဥပမာ ကျွန်တော်တို့ Mobile Money လိုကိစ္စမျိုး၊ e.Head လိုကိစ္စမျိုး၊ ကျွန်တော်တို့ ပညာရေးလို ကိစ္စမျိုးတွေကို ဆောင်ရွက်နိုင်ရမယ် ဆိုတာကို ကျွန်တော်တို့ Operator တွေကို တစ်ခါတည်း ကျွန်တော်တို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့က လုပ်ငန်းဆောင်ရွက်ပြီးတော့ (၃)နှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံတော်အတွင်း မှာရှိတဲ့ အဝေးပြေးလမ်းမကြီးတွေ အားလုံးရဲ့ (၇၀) ရာခိုင်နှုန်းမှာ လွှမ်းခြုံရမယ်လို့ ကျွန်တော်တို့ တစ်ခါတည်း လိုင်စင်မှာ ထည့်သွင်းပြီးတော့ အနိမ့်ဆုံး လိုအပ်ချက် အနေနဲ့ ဖော်ပြထားပါတယ်ခင်ဗျ။ အဲဒါကတော့ ကျွန်တော်တို့ အနေနဲ့ ဒီဆက်သွယ်ရေးကဏ္ဍရဲ့ လက်ရှိအခြေအနေလေးကို ကျွန်တော်တို့ ခြုံငုံပြီးတော့ အစီရင်ခံ တင်ပြတာဖြစ်ပါတယ်။

ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်း(၁)ကနေစပြီးတော့ တစ်ခုချင်းကို ကျွန်တော်တို့ ဖြေကြား သွားမှာ ဖြစ်ပါတယ်ခင်ဗျ။ ဦးပေါလ်ထန်ထိုင်း ရဲ့ မေးခွန်း(၁)က လူတိုင်းတယ်လီဖုန်း အသုံးပြုနိုင်ရေးနဲ့ ကျေးရွာအုပ်စုတိုင်း ရုပ်မြင်သံကြား၊ တီဗွီ အသုံးပြုနိုင်ရေးအတွက် ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက် တယ်လီဖုန်း တာဝါတိုင်များ မည်မျှစီ တည်ဆောက်ပေးရန် အစီအစဉ် ရှိပါသနည်းလို့ မေးထားပါတယ် ခင်ဗျ။ ကျွန်တော့်အနေနဲ့တော့ ဆက်သွယ်ရေးနဲ့ သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ ကျွန်တော်တို့ တယ်လီဖုန်း အသုံးပြုဖို့အတွက် တာဝါ တည်ဆောက်တဲ့ကိစ္စကို ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီမေးခွန်း(၁)ကို ဖြေကြားရမယ်ဆိုလို့ရှိရင် ခုနကတင်ပြခဲ့တဲ့ အတိုင်းပဲ ကျွန်တော်တို့ လက်ရှိမြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရဲ့ အစီအစဉ်အပြင် အခြား Operator များက အခုပူးပေါင်းဆောင်ရွက်လာပြီ ဖြစ်တဲ့အတွက်ကြောင့် သူတို့ရဲ့ အစီအစဉ်ကိုပါ ကျွန်တော် ထည့်သွင်းပြီးတော့ စဉ်းစားဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တွက်ချက်ထားမှုအရ မြန်မာနိုင်ငံတစ်ဝှမ်းလုံးကို လွှမ်းခြုံနိုင်ဖို့ ဆိုလို့ရှိရင် တာဝါပေါင်း တစ်သောင်းခွဲလောက် လိုအပ်မှာ ဖြစ်ပါတယ်။ သို့ပေမယ့် ကျွန်တော်တို့အနေနဲ့ ဒီဆက်သွယ်ရေး ဥပဒေထဲမှာ ကျွန်တော်တို့က ပတ်ဝန်းကျင် မထိခိုက်ရေး၊ ကုန်ကျစရိတ် သက်သာရေး၊ မြန်မြန်ဆန်ဆန် ကျွန်တော်တို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနိုင်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ တာဝါတွေကို Operator တွေက တစ်ဦးကို တစ်တိုင် ဆောက်မယ့်အစား Share လုပ်ရမယ်။

မျှဝေသုံးစွဲရမယ်ဆိုတာလေးကို ထည့်သွင်းထားပါတယ်။ အဲဒီအတွက်ကြောင့် တကယ့်လက်တွေ့မှာ တာဝါတိုင်ပေါင်း တစ်သောင်းခွဲအစား မျှဝေ သုံးစွဲမှုအပေါ်မှာ မူတည်ပြီး တစ်သောင်းလောက်ပဲ လိုမယ်လို့ ကျွန်တော်တို့ လက်ရှိတွက်ချက်လို့ ရပါတယ်ခင်ဗျ။ အဲဒီတော့ ခုနက ကိုယ်စားလှယ်ကြီးရဲ့

မေးခွန်းမှာ တာဝါများ မည်မျှစီ တည်ဆောက်ရန် အစီအစဉ်ရှိပါသလဲဆိုရင် ကျွန်တော်တို့အနေနဲ့တော့ လိုအပ်ချက်အရတော့ တာဝါပေါင်း၊ (၂)နှစ်လောက် အတွင်းမှာ တာဝါပေါင်း တစ်သောင်းပေ့ါနော်၊ အဲဒီလောက် ကျွန်တော်တို့ လိုအပ်မှာဖြစ်ပါတယ်။ (၂)နှစ်၊ (၃)နှစ်ပေ့ါခင်ဗျ၊ အဲဒီလောက်အတွင်း ဖြစ်ပါလိမ့်မယ်။ အဲဒီတော့ အခု ကျွန်တော့်အနေနဲ့ကတော့ မြန်မာ့ ဆက်သွယ်ရေးရဲ့ အစီအစဉ်လေးကို ကျွန်တော် ဆက်လက်တင်ပြပါ့မယ်။ မြန်မာ့ဆက်သွယ်ရေးအနေနဲ့ကတော့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းမှာ တာဝါတိုင် (၄၀၀) ထပ်မံတည်ဆောက်ဖို့အတွက် ကျွန်တော်တို့ ဘတ်ဂျက်ရရှိပြီး ဖြစ်ပါတယ်ခင်ဗျ။

ဆက်လက်ပြီးတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက နိုင်ငံတကာ Operator တစ်ဦးနဲ့ ကျွန်တော်တို့ ဖက်စပ် PPP၊ partner တွဲဖက်ဆောင်ရွက်ဖို့ လက်ရှိ စီစဉ်လျက် ရှိပါတယ်။ အဲဒီ အစီအစဉ်အရ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ အတွင်းမှာဆိုလို့ရှိရင်၊ နောက်နှစ်အတွင်းမှာဆိုလို့ရှိရင် တာဝါတိုင်ပေါင်း ထောင်နဲ့ချီပြီးတော့ ထပ်မံတည်ဆောက်သွားမှာ ဖြစ်ပါတယ်။ အဲဒါအပြင် နောက်ထပ် Operator (၃)ဦး ရှိပါမယ်ခင်ဗျ။ နောက်ထပ် Operator (၃)ဦးအနေနဲ့လည်း တာဝါတိုင် ကျွန်တော်တို့ နောက်ထပ် ထောင်နဲ့ချီပြီးတော့ တည်ဆောက်ဖို့ ရှိပါလိမ့်မယ်ခင်ဗျ။ မေးခွန်း(၁)အနေနဲ့ ပြောရမယ် ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒီ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်းလောက်မှာ ကျွန်တော်တို့ တာဝါတိုင်၊ လက်ရှိရှိတဲ့ တာဝါတိုင် အပြင်ပေ့ါလေ၊ နှစ်ထောင်နဲ့ သုံးထောင် ကြားလောက် Operator (၄)ဦးက တည်ဆောက်သွားမယ်လို့ ကျွန်တော်တို့ ဖြေကြားလို့ ရပါတယ်ခင်ဗျ။

ဒုတိယမေးခွန်းအနေနဲ့က လက်ရှိတည်ဆောက်ပြီး တာဝါတိုင် မည်မျှရှိပါသနည်း၊ လက်ရှိ တည်ဆောက်ပြီးတဲ့ တာဝါအနေနဲ့ကတော့ ဆက်သွယ်ရေး ဝန်ဆောင်မှုပေးနိုင်တာက၊ လက်ရှိပေးနိုင် တာက ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တစ်ခုပဲ ရှိပါသေးတယ်ခင်ဗျ။ အဲဒီတော့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း MPT အနေနဲ့ လက်ရှိတည်ဆောက်ထားတဲ့ တာဝါတိုင်က စုစုပေါင်း (၁၆၅၅)ခု တည်ဆောက်ပြီး ကျွန်တော်တို့ရှိပါတယ်။ (၃)မေးခွန်းအနေနဲ့က ချင်းပြည်နယ်၊ ထန်တလန် မြို့နယ်မှာ အော်တိုဖုန်း တပ်ဆင်ပြီးဖြစ်ပေမယ့် CDMA ဖုန်းမျိုးသာ အသုံးပြုနိုင်ပြီး GSM ဖုန်း သုံး၍ မရပါ၊ GSMဖုန်းမျိုး သုံးနိုင်ရန်အတွက် တာဝါ တိုးချဲ့တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ တာဝါတိုင်က၊ အကြမ်းဖျင်းအားဖြင့်ပြောရရင် တာဝါတိုင်က ဆက်သွယ်ရေး တယ်လီဖုန်း စနစ်ကို ကျွန်တော်တို့ ဆုံးဖြတ်တာ မဟုတ်ပါဘူးခင်ဗျ။ တာဝါတိုင်က ဆက်သွယ်ရေး ရေဒီယို BTS လို့ခေါ်တဲ့ ရေဒီယို Equipment တွေကို ရေဒီယိုစက်ပစ္စည်းတွေ တပ်ဆင်ဖို့ အတွက် အသုံးပြုတာ ဖြစ်ပါတယ်။

အဲဒီတော့ ဆက်သွယ်ရေးမှာ တယ်လီဖုန်း အသုံးပြုနိုင်ဖို့အတွက် တာဝါတိုင်အပြင် အဲဒီ တာဝါတိုင်ကို ကျွန်တော်တို့က Transmission လို့ခေါ်ပါတယ်။ အခြားပြည်နယ်/တိုင်း၊ အခြားနိုင်ငံကနေ ပြီးမှ ဆက်သွယ်နိုင်ဖို့အတွက် Transmission လိုပါတယ်။ ဒါ့အပြင် GSM ဆိုရင် GSM နဲ့ ပတ်သက်တဲ့ ကျွန်တော်တို့ ရေဒီယိုဆက်သွယ်ရေးစနစ်၊ CDMA ဆိုရင် CDMA နဲ့ပတ်သက်တဲ့ ရေဒီယို ဆက်သွယ်ရေးစနစ် လိုပါတယ်ခင်ဗျ။ အဲဒါကြောင့် ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ နည်းနည်းလေး ချဲ့ထွင်ပြီး ဖြေရမယ်ဆိုလို့ရှိရင် တာဝါတိုင် အပြင် ကျွန်တော်တို့က ရေဒီယိုဆက်သွယ်ရေး Equipment တပ်ဆင်မှု အခြေအနေလေးပါ ကျွန်တော် ထည့်သွင်းဖြေကြားသွားပါ့မယ် ခင်ဗျ။ ချင်းပြည်နယ်မှာ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထန်တလန်မြို့နယ် အပါအဝင် CDMA ၄၅၀ စခန်း(၆)ခု

ကို ဟားခါး၊ မင်းတပ်၊ တီးတိန်၊ ဗန်ခမ်းတောင်၊ ထန်တလန်မှာ ရှိပါတယ်။ ကန်ပက်လက်နဲ့ တွန်းဇံ တို့မှာလည်းကောင်း၊ GSM စခန်း(၅)ခုကို ဟားခါးမှာ နှစ်ခု၊ မင်းတပ်မှာ တစ်ခု၊ တီးတိန်မှာ တစ်ခုနဲ့ ဖလမ်းမှာ တစ်ခု တပ်ဆင်ပြီး ဖြစ်ပါတယ်။ ဒီ WCDMA ဆိုတာ GSM (3G) ဖြစ်ပါတယ်ခင်ဗျား။ စခန်း(၃)ခု၊ ဟားခါးမှာ (၁)ခု၊ မင်းတပ်မှာ (၂)ခု၊ တစ်ခါ CDMA (၈၀၀)၊ စခန်း(၃)ခုကို ဟားခါးမှာ (၁)ခု၊ ဖလမ်းမှာ (၂)ခုတို့မှာ အသီးသီး တပ်ဆင်ပေးခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ ဒါတွေက ကျွန်တော်တို့ ရေဒီယို ဆက်သွယ်ရေးပစ္စည်းတွေ ဖြစ်ပါတယ်။

အဲဒါကြောင့် တာဝါ (၁)ခုမှာ တစ်ခါတရံကျတော့ ကျွန်တော်တို့က CDMA ရော၊ GSM ရော တပ်ဆင်ထားတာ ဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ကျွန်တော်တို့ GSM Mobile Phone တိုးချဲ့ရေး စီမံကိန်းအနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဖာရွန်းရွာတို့မှာ GSM Radio စခန်း(၁)ခုစီပေါ့၊ စုစုပေါင်း(၂)ခု တပ်ဆင်ပေးဖို့ အတွက် လုပ်ငန်းအပ်နှံပြီး ဖြစ်ပါတယ်ခင်ဗျား။ ဒါ ဒီစခန်းတွေ တပ်ဆင်ပြီးသွားလို့ရှိရင်တော့ ကျွန်တော်တို့အနေနဲ့ Radio Equipment တပ်ပြီးသွားလို့ရှိရင် GSM Mobile Phone တွေ အဆင်ပြေချောမွေ့စွာ ပြောနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။

(၄) မေးခွန်းက ကျွန်တော်တို့ မြန်မာနိုင်ငံ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် အတွက် ရွေးချယ်ပြီးဖြစ်တဲ့ နိုင်ငံခြားကုမ္ပဏီကြီး(၂)ခုကို မည်သည့်အချိန်မှာ သို့မဟုတ် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလမှာ စတင် အလုပ် လုပ်နိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ကနဦးက တင်ပြခဲ့တဲ့ အတိုင်းပဲ Operator (၄)ဦးပေါ့ ခင်ဗျား။ (၄)ဦးနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ International Operator (၂) ဦး ဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်တို့က ရွေးချယ်ပြီးပြီ ဖြစ်ပါတယ်ခင်ဗျား။ ရွေးချယ်ပြီးတဲ့ International Operator (၂)ဦးက Telenor Myanmar Company Limited နဲ့ Ooredoo Myanmar Company Limited တို့ ဖြစ်ပါတယ် ခင်ဗျား။ သူတို့တွေကို ကျွန်တော်တို့ အနေနဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ အစည်းအဝေး အမှတ်စဉ်(၂၈) ၂၀၁၃ ခွင့်ပြုချက်အရ Ooredoo ကို ၃၀-၁-၂၀၁၄၊ ဇန်နဝါရီလ အတွင်း မှာဖြစ်ပါတယ်။ Telenor ကို ၅-၂-၂၀၁၄ ခုနှစ်မှာ လိုင်စင်များ ပေးအပ်ပြီး ဖြစ်ပါတယ်ခင်ဗျား။ ဒီ လိုင်စင် တွေရဲ့ သက်တမ်းက (၁၅)နှစ်ဖြစ်ပြီးတဲ့အခါမှာ ဖေဖော်ဝါရီလ(၆)ရက်နေ့ကနေစပြီးတော့ အသက်ဝင်မှာ ဖြစ်ပါတယ်ခင်ဗျား။ သူတို့တစ်တွေရဲ့ ကျွန်တော်တို့ လိုင်စင်သတ်မှတ်ချက်အရ သူတို့တွေဟာ လိုင်စင်ရ ပြီးတဲ့အခါမှာ Ooredoo က (၆)လအတွင်းမှာ လုပ်ငန်းစတင်ပြီးတော့ တယ်လီဖုန်း ရောင်းချနိုင်ရမှာ ဖြစ်ပါတယ်။ Telenor က ကျွန်တော်တို့(၈)လအတွင်းမှာ ရောင်းချနိုင်ရမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီလို ကျွန်တော်တို့ လိုင်စင် သတ်မှတ်ချက်တွေအရ ကျွန်တော်တို့ ကြည့်မယ်ဆိုလို့ရှိရင်တော့ သူတို့တွေဟာ ဩဂုတ်နဲ့ စက်တင်ဘာလ ဒီနှစ်အတွင်းလောက်မှာ စတင်ပြီးတော့ တယ်လီဖုန်းတွေ ရောင်းချသွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒါအပြင် ကျွန်တော်တို့ ဒီမြန်မာ့တိုင်းရင်းသားလုပ်ငန်းရှင်များ ပူးပေါင်းထားတဲ့ Yadanapone Teleport ပေါ့ ခင်ဗျား။ သူ့ကိုလည်း ကျွန်တော်တို့ လိုင်စင်ထုတ်ပေးဖို့ ရှိပါတယ် ခင်ဗျား။

အဲဒါဆိုလို့ရှိရင်လည်း သူကလည်း ဒီ နှစ်ကုန်လောက်ဆိုရင် လုပ်ငန်းများ စတင်သွားနိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ (၄) မေးခွန်းအနေနဲ့ ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က ၂၀၁၄ ဇန်နဝါရီလ အတွင်းမှာ လိုင်စင် စတင်ပေးပြီးသား ဖြစ်ပါတယ်။ သူတို့က စတင်ရောင်းချဖို့၊ အခုတော့ တာဝါတိုင် တည်ဆောက်ဖို့၊ နောက် ဆက်သွယ်ရေး စက်ပစ္စည်းတွေ တင်သွင်းတဲ့ကိစ္စတွေ သူတို့ ဆောင်ရွက်နေပါပြီ၊ အဲဒီတော့ သူတို့ တယ်လီဖုန်း စတင်ရောင်းချနိုင်မှာကတော့ ကျွန်တော်တို့ ဩဂုတ်၊ စက်တင်ဘာလ လောက်ဆိုရင် ကုမ္ပဏီ (၂)ခုစလုံး ရောင်းချနိုင်မှာ ဖြစ်ပါတယ်။

(၅) မေးခွန်းကတော့ တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းမှာ နိုင်ငံခြားကုမ္ပဏီ(၂)ခုနဲ့ ပြည်တွင်း ကုမ္ပဏီများ ပါဝင်ခြင်း ရှိ/မရှိ။ ပါဝင်ပါက ကုမ္ပဏီများနဲ့ အဖွဲ့အစည်းနာမည်များကို သိလို ပါသည်လို့ မေးခွန်း မေးထားပါတယ် ခင်ဗျား။ Telenor နဲ့ Ooredoo ဟာ ရင်းနှီးမြှုပ်နှံမှုအနေနဲ့ သူတို့က နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။ သို့ပေမယ့် တယ်လီဖုန်းလုပ်ငန်းရဲ့ ပုံသဏ္ဌာန်အရ၊ သဘော သဘာဝအရ သူဟာ ကျွန်တော်တို့ ကုန်ပစ္စည်း Training လို မဟုတ်ပါဘူးခင်ဗျား။ ဝယ်တာ၊ ရောင်းတာမျိုး မဟုတ်ဘဲနဲ့ ဝင်ငွေကို ဒီမှာမြှုပ်နှံရပါတယ်။ တာဝါတိုင် (၁)တိုင် ဆောက်မယ်ဆိုလို့ရှိရင် အကြမ်းဖျင်း ဒေါ်လာ(၁)သိန်းလောက် ကုန်ကျနိုင်စရာ ရှိပါတယ်ခင်ဗျား။ တကယ့် နိုင်ငံတကာအဆင့် ဆိုလို့ရှိရင် တစ်ခါ Fiber ဆိုလို့ရှိရင် (၁)ကီလိုမီတာကို ကျွန်တော်တို့ ဒေါ်လာ(၂)သောင်းလောက်က နေပြီးတော့၊ နေရာဒေသပေါ်မူတည်ပြီးတော့၊ သုံးစွဲတဲ့ပစ္စည်းပေါ်မူတည်ပြီးတော့ ဒေါ်လာ(၄)သောင်း လောက်အထိ ကုန်ကျနိုင်ပါတယ်။

အဲဒီတော့ သူတို့တွေက ဒီငွေကို ရင်းနှီးမြှုပ်နှံပြီးတဲ့အခါမှာ ကျွန်တော်တို့ (၁၅)နှစ်ကြာတဲ့အထိ ဒီရင်းနှီးမြှုပ်နှံမှုကရလာတဲ့ဟာကို ဒီတယ်လီဖုန်းဆက်သွယ်မှု၊ ဆက်သွယ်ခကနေပြီးတော့ တဖြည်းဖြည်း ပြန်လည်ပြီးတော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒီတော့ သူတို့အနေနဲ့က ဒီရင်းနှီးမြှုပ်နှံမှုပေါ်မှာ သူတို့ချည်းပဲ လုပ်ကိုင်ဖို့မရပါဘူး။ ပြည်တွင်းက ကုမ္ပဏီများ၊ ပြည်တွင်းက အဖွဲ့အစည်းများ၊ ပြည်တွင်းက ဝန်ထမ်းများကို သူတို့ပူးတွဲဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ခုနက တင်ပြသလို လိုင်စင်ရပြီးတဲ့ အချိန်မှာ သူတို့တစ်တွေ လုပ်ကိုင်နေကြတာတွေက အခု ပြည်တွင်း ကုမ္ပဏီတွေနဲ့ စာချုပ်တွေ ချုပ်ကြရပါတယ်။ ဝန်ထမ်းတွေ ငှားပါတယ်။ ကျွန်တော်တို့ လိုင်စင်ရက် သတ်မှတ်ချက်အရ၊ သူတို့ရဲ့ ကတိပြုချက်အရ ဆိုလို့ရှိရင် (၅)နှစ်အကြာမှာ (၉၉)ရာခိုင်နှုန်းက မြန်မာနိုင်ငံသားများ ဖြစ်ပါမယ်။ သူတို့ရဲ့ဝန်ထမ်း အားလုံးက (၁)ရာခိုင်နှုန်းထက် နည်းတဲ့ အရေအတွက်သာ နိုင်ငံခြားသား ဖြစ်ပါမယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့ အခု ဒီမေးခွန်းတွေအနေနဲ့ ပြောရမယ်ဆိုလို့ရှိရင်တော့ နိုင်ငံခြား ကုမ္ပဏီ(၂)ခုက ပြည်တွင်းကုမ္ပဏီနဲ့ သူတို့ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ sub cantract ပေးကြရပါမယ်။ လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ ဝန်ထမ်းတွေ ခန့်နေကြပါတယ်ခင်ဗျား။ တတိယကုမ္ပဏီ (၁)ခုကတော့ Yadanapone Teleport ပါခင်ဗျား။ Yadanapone Teleport ကတော့ မြန်မာနိုင်ငံသားများ ပါဝင်တဲ့ အများပိုင်ကုမ္ပဏီ ဖြစ်ပါတယ်။ သူကတော့ မကြာခင် ရှယ်ယာများ စတင်ရောင်းချသွားမယ်လို့ သိရှိရပါတယ် ခင်ဗျား။ သူကိုလည်း မကြာခင်မှာတော့ ကျွန်တော်တို့ လိုင်စင်ပေးသွားတော့မှာ ဖြစ်ပါတယ်။ သူကတော့ မြန်မာနိုင်ငံသားများ ပါဝင်တဲ့ အများပိုင်ကုမ္ပဏီ ဖြစ်ပါတယ်ခင်ဗျား။

မေးခွန်း(၅)ခုအနေနဲ့ ကျွန်တော့်အနေနဲ့ ရနိုင်သလောက် အချက်အလက်နဲ့ ကျွန်တော်တို့ ဒီ မိမိတို့ ဝန်ကြီးဌာနရဲ့ အစီအစဥ်များကို ခြုံငုံပြီး ဖြေကြားသွားတာ ဖြစ်ပါတယ်ခင်ဗျား။ အသေးစိတ် ထပ်မံ သိရှိလိုတာများ ရှိရင်တော့ ကျွန်တော်သတ်သတ်၊ ကျွန်တော့်အနေနဲ့ လာရောက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။ ။ ဥက္ကဋ္ဌကြီး ကျွန်တော် တယ်လီဖုန်းက စကားပြောရုံသက်သက် မဟုတ်ဘူးဆိုတဲ့ဟာကတော့ ကျွန်တော့်အနေနဲ့ မထောက်ခံဘူး။ ဘာဖြစ်လို့လဲဆိုရင် တယ်လီဖုန်းကတော့ ဝယ်တဲ့လူက သူ့အတွက် အကျိုးရှိအောင်ပဲ သူက သုံးရမှာပါ။ သူပြောချင်တာကတော့ သူ့အတွက်တော့ ဈေးကြီးတယ်။ ဒီစကားတွေ သူပြောမှာပေါ့၊ ဒါ ဝန်ကြီးကိုလည်း နည်းနည်း ကျွန်တော်က ဝန်ကြီးပြောတဲ့စကား မရှင်းမလင်းလို့ ဒါ ကျေးဇူးပြုပြီးတော့ ထန်တလန် တယ်လီဖုန်းနဲ့ ပတ်သက်ပြီးတော့ ထန်တလန်မှာ GSM ကိစ္စနဲ့ ပတ်သက်ပြီးတော့ လုပ်ပေးရန် ဟုတ်/ မဟုတ် ကိုပဲ ကျွန်တော်သိချင်ပါတယ်။ ဝန်ကြီးပြောတဲ့ဟာကများလို့ ကျွန်တော်က နားထဲမှာ သိပ်မရှင်း မလင်းတာတွေလည်း များတယ်။ ဒါကြောင့် ဒီ ထန်တလန် တယ်လီဖုန်းနဲ့ ပတ်သက်ပြီးတော့၊ GSM ကိစ္စနဲ့ ပတ်သက်ပြီးတော့ အဲဒါကိုပဲ တိုတိုလေးနဲ့ တစ်ခါပြန်ရှင်းပေးနိုင်ရင်တော့ လိုချင်ပါတယ်။

အချိန်၊ ၁၀း၀၆။

ဦးသောင်းတင် (ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)။ ။ ဟုတ်ကဲ့၊ ကိုယ်စားလှယ်တော်ကြီး ကျေးဇူးတင်ပါတယ်ခင်ဗျား။ ကျွန်တော် စကားများ သွားတာ ခွင့်လွှတ်ပါ ခင်ဗျား။ ကျွန်တော် ကျောင်းဆရာဘဝကလာတော့ နည်းနည်းလေး စကား ပိုများပါတယ် ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို တိတိကျကျ ဖြေရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ချင်းပြည်နယ်၊ ထန်တလန်မြို့နဲ့၊ ထန်တလန်မြို့နယ် ဖာရွန်းရွာတို့မှာ GSM စခန်း (၁)ခုစီ ကျွန်တော်တို့ တည်ဆောက်ဖို့အတွက် လုပ်ငန်းအပ်နှံပြီး ဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့ GSM ရဖို့အတွက် ထန်တလန်မြို့နယ်နဲ့ ပတ်သက်လို့ရှိရင် GSM စခန်း(၂)ခု တည်ဆောက်ဖို့ ရှိပါတယ်။ နောက်တစ်ခုက တယ်လီဖုန်းနဲ့ ပတ်သက်လို့က တစ်ခြားဟာ မဟုတ်ပါဘူး ခင်ဗျား။ တယ်လီဖုန်းအပြင် တစ်ခြားလုပ်ငန်းတွေ ဆောင်ရွက်လို့ရတယ် ဆိုတာလေး တင်ပြတာပါ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

အချိန်၊ ၁၀း၀၇။

ဥက္ကဋ္ဌ။ ။ ဆက်လက်မေးမယ့် မေးခွန်းက သန်းခေါင်စာရင်းနဲ့ ပတ်သက်ပြီး အရေးကြီး တာ ဖြစ်ပါတယ်။ နည်းဥပဒေအရ ပထမ (၁)နာရီအတွင်း မေးခွန်းများဆိုတော့လည်း ဖြေကြားမယ့် ဒုတိယ ဝန်ကြီးလည်း ရောက်နေတဲ့အတွက် ဒီမေးခွန်းကို (၁)နာရီကျော်ပြီး ဆက်လက်ဆောင်ရွက်ခွင့်ပြုဖို့ တင်ပြလိုပါတယ်။ ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံ ဖြေဖို့လိုပါတယ်။ ဘယ်လောက်လောက် အချိန်လို ချင်လဲ။ မိနစ် (၂၀) ရတယ်နော်။ (၁၅)မိနစ် တန်းဖြုတ်ပါ။ ပြီးတော့မှ မေးတာ၊ ဖြေတာ ဆက်လုပ်မယ်။

အချိန်၊ ၁၀း၀၇။

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၀၇နာရီတွင် ရပ်နားပြီး ၁၁း၃၀ အချိန်တွင် ရပ်နားပါသည်။]

အချိန်၊ ၁၁း၃၀။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

အခမ်းအနားမှူး။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု ပြီးစီးသည့်အခါ အစဥ်အဆက် အတည်ပြုထားခဲ့သည့် တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး၏စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း

အချိန်၊ ၁၁း၃၀။

ဥက္ကဋ္ဌ။ ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာ မြတ်ဉာဏစိုး က ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု ပြီးစီးသည့်အခါ အစဥ်အဆက်အတည်ပြုထားခဲ့သည့် တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး၏ စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၃၀။

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ဒီနေ့ အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီးတို့ကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းက ဥက္ကဋ္ဌကြီး အမိန့်ရှိခဲ့သလိုပါပဲ။ ဒါ တိုင်းရင်းသား မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ခဲ့တဲ့ တိုင်းရင်းသားတွေအားလုံးရဲ့ ရင်ထဲမှာ ရှိနေတဲ့ဆန္ဒပါ။ အင်မတန်မှ အရေးကြီးတဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်လို့ တင်ပြလိုပါတယ် ခင်ဗျား။ မေးမြန်းမယ့် မေးခွန်းကတော့ ၂၀၁၄ ခုနှစ်မှာ ကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှု ပြီးတဲ့အခါမှာအစဥ်အဆက်က အတည်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးဆိုတဲ့ စာရင်းကို ပြန်လည် ပြုပြင်သွားရန် အစီအစဥ် ရှိ/မရှိ နဲ့ စပ်လျဥ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုး ဆိုတာကို အစဉ်အဆက် အတည်ပြုခဲ့သလိုဖြစ်ပါတယ်။ အထူးအားဖြင့်တော့ ဒီ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်မှာ ဒီဟာပေါ်ပေါက်ခဲ့တာပါ။ အဲဒီတော့ (၁၃၅)မျိုးဆိုတဲ့ နေရာမှာ လက်တွေ့ကျကျ လေ့လာတဲ့အခါမှာ တိုင်းရင်းသားမျိုးနွယ်စု အရေအတွက် များပြားရေးကိုပဲ အဓိက ဦးတည်ထားပြီးတော့ ဖော်ဆောင်ခဲ့တယ်လို့ ကောက်ချက်ချလို့ ရပါတယ်။ လက်တွေ့မှာတော့ တော်တော်လေး ကွဲလွဲနေတာတွေရှိပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ မျိုးနွယ်တွေကို သတ်မှတ်တဲ့အခါမှာ နိုင်ငံတကာမှာလည်း ဒေသအလိုက် သတ်မှတ်တာရှိပါတယ်။ ဘာသာစကားကွဲပြားမှုအပေါ်မှာ သတ်မှတ်တာလည်း ရှိပါတယ်။ အဓိကကတော့ ပေါက်ဖွားဆင်းသက်လာတဲ့ လူမျိုးနွယ်အလိုက်ကိုပဲ သတ်မှတ် အတည်ပြုရမှာ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဥပမာပြရမယ်ဆိုရင် ချင်းလူမျိုး(၄၀)ကျော် ရှိတယ်။ (၄၀)ကျော်ရှိတဲ့နေရာမှာလည်း အခုဟာ ဒါ ချင်းဆိုတဲ့ လူမျိုးတစ်မျိုးတည်းပဲ သတ်မှတ်ပေးပါလို့ ဒီလိုမျိုးတောင်းဆိုနေမှုတွေ လည်းရှိပါတယ်။ တစ်နေရာနဲ့ တစ်နေရာ ဒေသန္တရအလိုက် ကွဲပြီးတော့ဖြစ်စေ၊ ဘာသာစကားလေး နည်းနည်း ပြောင်းလဲသွားတာနဲ့ ကွဲပြား ပြီးတော့ဖြစ်စေ၊ ဒီဟာတွေကို အတည်ပြုမယ် ဆိုရင် ဒါ အင်မတန်မှ မျိုးကွဲတွေဟာ တိကျမှု၊ ခိုင်မာမှု မရှိတာကို တွေ့ရပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ တချို့ ဒီ (၁၃၅)မျိုးထဲမှာ ထပ်နေတဲ့ အမည်တွေလည်း ရှိပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် တိုင်းလိုင်နဲ့ ရှမ်းနီ၊ ဒါ မြန်မာအခေါ်ဆိုရင်တော့ ရှမ်းနီ၊ ရှမ်းအခေါ်ဆိုရင်တော့ တိုင်းလိုင်၊ တကယ့် တကယ်တော့ လူမျိုးက တစ်မျိုးတည်းပါပဲ။ နောက်တစ်ခါ တိုင်းလုံဆိုတာလည်း ရှိပါတယ်။ တစ်ခါ ရှမ်းကြီးဆိုပြီး တော့လည်း ထပ်ထည့်ထားပါတယ်။ တကယ့် တကယ်တော့ တိုင်းလုံနဲ့ ရှမ်းကြီးဟာ မျိုးနွယ်တစ်ခုတည်း ဖြစ်ပါတယ်။ တစ်ခုတည်းကိုပဲ အခေါ်အဝေါ် ကွဲတာနဲ့ (၂)မျိုးဖြစ် နေတာတွေ၊ ဒီလိုတွေ ရှိပါတယ်။ နောက် ကျွန်တော်တို့ ဒီ အစဉ်အဆက်အားဖြင့် အခုဟာက ခိုင်မာသလို ဖြစ်သွားတဲ့ လူမျိုးကြီး (၈)ခုကနေပြီးတော့ တခြားလူမျိုးစုတွေ ဆင်းသက်လာတယ်ဆိုတဲ့ ဒီဟာလေးကိုလည်း ကျွန်တော်တို့ တိတိကျကျ ပြန်သုံးသပ်ဖို့ လိုမယ်ထင်ပါတယ်။ လူမျိုးနွယ်စုတွေ အားလုံးဟာ တန်းတူညီမျှတဲ့ လူမျိုးနွယ်တွေပဲ ဖြစ်ရပါမယ်။ ဘယ်လူမျိုးစုကြီးကနေပြီးတော့ ဆင်းသက်လာတယ် ဆိုတဲ့ဟာတွေကတော့ ဒါတွေဟာ အကယ်၍ သမိုင်း အမှားဖြစ်ခဲ့တယ်ဆိုရင်လည်း ဒါတွေကို ပြန်ပြီးတော့ တိတိကျကျ ခိုင်ခိုင်မာမာ ပြန်ပြီးတော့ စိစစ်ပေးဖို့ လိုအပ်ပါလိမ့်မယ်လို့ တင်ပြ လိုပါတယ်။

ဥပမာအနေနဲ့ တင်ပြရရင် ကရင်တိုင်းရင်းသားမျိုးနွယ်တွေဟာ ရှမ်းတိုင်းရင်းသား မျိုးနွယ်တွေထဲမှာ ပါနေတဲ့ တောင်သူလူမျိုးဆိုတာ ဒါ ကရင်လူမျိုးလို့ ဒီလိုမျိုးတင်ပြတာမျိုးလည်း ရှိပါတယ်။ နောက်ပြီး တဲ့အခါကျတော့ ကျွန်တော်တို့ ဒီ နာဂလူမျိုးများဟာ ဒါဟာ သီးခြားလူမျိုး ဖြစ်ပါတယ်။ ချင်းလူမျိုးနွယ် ကနေပြီးတော့ ဆင်းသက်လာတယ် ဆိုတာကိုလည်း သမိုင်းအမှန် ပြန်ပြင်ပေးပါလို့ တင်ပြနေတာမျိုးလည်း ရှိပါတယ်။ နောက်တစ်ခါ ဒီလိုပါပဲ ရှမ်းပြည်နယ်မှာ တိုင်းရင်းသားလူမျိုးစုတွေ တော်တော်များများ မှီတင်းနေထိုင်ပါတယ်။ ဒီမှာလည်း သီးခြားအနေနဲ့လည်း လူမျိုးစုတွေ ဖြစ်ကြပါတယ်။ ဥပမာအားဖြင့် 'ဝ' လူမျိုး၊ အစရှိသဖြင့် ပအိုဝ်လူမျိုးစု အစရှိသဖြင့် ဒါတွေကိုလည်း ပြန်ပြီးတော့ ဆင်ခြင်သုံးသပ်ပေးဖို့ လိုအပ်နေပါပြီ၊ အဲဒီအခါမှာ ဒီ လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်တဲ့ အချိန်ကာလဟာ အင်မတန်မှ ဒီ ကျွန်တော်တို့ မှားယွင်းမှုတွေ ရှိခဲ့ရင်လည်း ပြန်လည်ပြင်ဆင်ဖို့ အကောင်းဆုံးသော အချိန်ဖြစ်တယ်လို့ တင်ပြလိုပါတယ်။

အဲဒီတော့ အခု သန်းခေါင်စာရင်း ကောက်ယူမယ့်အခါမှာ မျက်မြင်အတိုင်း ကောက်ယူမယ်လို့ သိရှိထားရပါတယ်။ တိုင်းရင်းသား လူမျိုးစုတွေအနေနဲ့ မိမိတို့ရဲ့လူမျိုးကို ပင်ကိုဆန္ဒနဲ့ ဖော်ပြပေးမယ်လို့လည်း သိရှိရပါတယ်။ ဒါပေမဲ့ ဒါကလည်း တကယ်ထိရောက် စစ်မှန်တဲ့အချက် ဖြစ်ပါ့မလား။ Acid test တော့ မှတ်တမ်းတင်ထားသင့်ပါတယ်။ ပြီးရင် ဒီလို ဒီလူမျိုးနွယ်စုတွေကို ပြန်လည်သတ်မှတ်တဲ့အခါမှာ တကယ့်ကော်မရှင်ကြီးတစ်ရပ် ဖွဲ့စည်းပြီးတော့ တိုင်းရင်းသားခေါင်းဆောင်တွေ အပါအဝင် တကယ့်မျိုးနွယ်စုကနေပြီးတော့ လေးစားထိုက်တဲ့ပုဂ္ဂိုလ်တွေ၊ သမိုင်းပညာရှင်တွေ အားလုံးပါဝင်ပြီးတော့မှ ပြန်ပြီးတော့ ဒီမျိုးနွယ်စုတွေရဲ့ အမည်ကွဲပြားနေမှုတွေကို ပြန်လည်တည့်မတ် ပြင်ဆင်ပေးမယ်ဆိုရင်တော့ ဒါ အကောင်းဆုံးသော လုပ်ဆောင်ချက်မျိုးဖြစ်မယ်လို့ တင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ မေးလိုတဲ့ မေးခွန်းကတော့ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုးဆိုတဲ့ စာရင်းကို လက်တွေ့ကောက်ယူရရှိတဲ့ စာရင်းဇယားတွေအပေါ်မှာ မူတည်ပြီးတော့ ပြန်လည်သုံးသပ်ပြုပြင်သွားဖို့ အစီအစဉ် ရှိ/မရှိဆိုတာကို မေးမြန်းလိုပါတယ်။ သုံးသပ်ပြုပြင်သွားတဲ့ အချိန်မှာလည်း ခုနလို ဝန်ကြီးဌာန တစ်ခုတည်းကပဲ ဆုံးဖြတ်တာမျိုး မဟုတ်ဘဲနဲ့ အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ပညာရှင်တွေ၊ မျိုးနွယ်စုခေါင်းဆောင်တွေ၊ သမိုင်းပညာရှင်တွေ အားလုံးရဲ့ အကြံဉာဏ်ကိုရယူပြီးတော့မှ ဆောင်ရွက်သွားမယ့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတယ်။ ဒီ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးဆိုတဲ့ စာရင်းကို ပြန်လည်ပြုပြင်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတာကို အဓိက သိချင်တဲ့အတွက်ကြောင့်မို့လို့ ဒီ မေးခွန်းကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးလေးစားစား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

အချိန်၊ ၁၁း၃၇။

ဥက္ကဋ္ဌ။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

ဖြေကြားချက်

အချိန်၊ ၁၁း၃၇။

ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ ၂၀၁၄ ခုနှစ်မှာ ကောက်ယူမယ့် လူဦးရေနဲ့ အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု ပြီးစီးသည့်အခါမှာ အစဉ်အဆက် အတည်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး၏ စာရင်းကို ပြန်လည်ပြုပြင်သွားရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ အကျဉ်းချုပ် မေးခွန်းအား မူလစာသားဖြင့် ဖော်ပြထားတဲ့ မေးခွန်းရှည်ကိုပါ ခြုံငုံပြီးတော့မှ အခြားသိသင့်တဲ့ အချက်အလက် အချို့ကို ပေါင်းစပ်ပြီးတော့မှ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဝင်းမြင့် က အပိုင်း(၃)ပိုင်း ခွဲခြားပြီးတော့မှ ပြန်လည်ရှင်းလင်း ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ခွင့်ပြုပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပထမပိုင်းအနေဖြင့် မေးခွန်းမှာပါရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီ ခေတ်ကနေပြီးတော့မှ ယနေ့တိုင် အစဉ်အဆက် အတည်ပြုထားခဲ့တဲ့ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုး ရှိကြောင်း၊ အဆိုပါ စာရင်းဟာ တိုင်းရင်းသားမျိုးနွယ်စု အရေအတွက်များပြားစွာ ဖော်ပြရေးကို ဦးတည်သကဲ့သို့ ရှိပြီးတော့မှ လက်တွေ့မှာ ကွဲလွဲမှုများစွာ ရှိနေကြောင်း ဆိုသော ဖော်ပြချက်နဲ့ ပတ်သက်ပြီးတော့မှ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာနေထိုင်တဲ့ တိုင်းရင်းသားမျိုးနွယ်စုစာရင်းများ သတ်မှတ်ပြုစုရာမှာ ကျွန်တော်တို့ ၁၉၃၁ ခုနှစ်၊ ဗြိတိသျှကိုလိုနီ လက်ထက်ကပင် သန်းခေါင်စာရင်းကောက်ယူရေး ဖော်ထုတ်တွေ့ရှိခဲ့တဲ့ လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ်မှာ ကောက်ယူရရှိခဲ့တဲ့ လူမျိုးစာရင်းအရလည်းကောင်း၊ ၁၉၆၀ ခုနှစ်မှာ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံ သမိုင်းကော်မရှင်၏ အကြံပြုချက်များ အရလည်းကောင်း၊ ၁၉၇၂ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၏ ပါတီဗဟိုကော်မတီဌာနချုပ်၊ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ညှိနှိုင်းချက်အရလည်းကောင်း၊ တိုင်းရင်းသား လူမျိုးစု စာရင်းအားအဆင့်ဆင့် စစ်ဆေးဖော်ပြခဲ့ကြောင်းလည်း လေ့လာတွေ့ရှိခဲ့ရကြောင်း ဖြေကြားလိုပါတယ်။

၁၉၇၃ ခုနှစ်မှာ ပြည်လုံးကျွတ်အဆင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာ မှာလည်းပဲ တွေ့ရှိခဲ့ အခြေခံခဲ့တာ ဖြစ်ပါတယ်။ အလားတူပဲ ၁၉၈၃ ခုနှစ်မှာလည်းပဲ ပြည်လုံးကျွတ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာမှာလည်းကောင်း၊ တိုင်းရင်းသားလူမျိုး (၁၃၅)မျိုးကို အခြေခံပြီးတော့မှ ဆောင်ရွက်ခဲ့ကြောင်း လည်း လေ့လာတွေ့ရှိရပါတယ်။ လက်ရှိ အချိန်အထိလည်းပဲ ၎င်းတိုင်းရင်းသားလူမျိုးစု (၁၃၅)မျိုးအား တရားဝင် ပြင်ဆင်ပယ်ဖျက် ထပ်မံအတည်ပြုခြင်း မရှိတဲ့အတွက်ကြောင့်မို့လို့ ၎င်းစာရင်းကို မှန်ကန်သည်ဟု တရားသေ စွဲကိုင်အတည်ပြု ဆောင်ရွက်နေခြင်းမဟုတ်ကြောင်းလည်း တင်ပြလိုပါတယ်။ လက်ရှိမြေပြင် အခြေအနေနှင့် အမှန်တကယ် မှန်ကန်ကိုက်ညီမှု ရှိ/မရှိကို ပြန်လည်စိစစ်နေရန်အတွက် လက်ရှိ ရှိပြီးသော ကိန်းဂဏန်းပေါ်မှာ အခြေခံပြီးတော့မှ ကနဦးအဆင့် ဆောင်ရွက်နေ ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်တဲ့ နေရာမှာလည်းပဲ ကျွန်တော်တို့ အသုံးပြုတဲ့ ပုံရိပ်ဖမ်းတဲ့စက်ဟာ ကျွန်တော်တို့ စာသားမဖတ်ဘဲနဲ့ ကိန်းဂဏန်းကိုပဲ ဖတ်ပြီးတော့မှ ပြန်လည်ဖော်ယူရမယ့်အတွက်ကြောင့်မို့လို့ လက်ရှိရှိပြီးသား ကျွန်တော်တို့ (၁၃၅)မျိုးကို အခြေခံပြီးတော့မှ (၁၃၅)မျိုးမှာပါတဲ့၊ မပါတဲ့ လူတွေအပြင်၊ ပါပြီးသားလည်း မရှိတဲ့လူတွေကို ကျွန်တော်တို့က နေပြီးတော့မှ ပြန်လည်စိစစ် ဖော်ထုတ်သွားနိုင်ရန် အတွက်ကိုတော့ Code သတ်မှတ်ပြီးတော့မှ ဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီ Code ကို ကျွန်တော်တို့က ဒီ စက်နဲ့ဖတ်ပြီးတော့မှ ပြန်လည်ရိုက်ထည့်ခြင်းအားဖြင့် Code ရှိပြီးသား လူမျိုးစုကို အမြန်ဖော်ယူနိုင်ပြီးတော့မှ Code မထည့်ထားတဲ့ ကျွန်တော်တို့လက်ရှိ ရှိပြီးသား သတ်မှတ်ထားတဲ့ မျိုးနွယ်စုထဲမှာ မပါတဲ့ လူမျိုးစုကိုတော့ ကျွန်တော်တို့ လက်ပေါင်းဇယားနဲ့ ပြန်ပြီးတော့မှ တစ်မျိုးချင်းအလိုက်ကို ပြန်လည်စိစစ် ဖော်ထုတ်သွားမှာပဲ ဖြစ်ပါတယ်။ ရရှိပြီးတဲ့ ပြင်ဆင်အတည်ပြုနိုင်ရန်အတွက်ကို ရရှိပြီးဖြစ်တဲ့ အချက်အလက်တွေအပေါ် အခြေမခံဘူးဆိုလို့

ရှိရင်တော့ အခြားအခြေခံရမယ့် တရားဝင် အတည်ပြုထားသော အချက်အလက်များလည်း မရှိတဲ့ အတွက်ကြောင့်မို့လို့ ဤကဲ့သို့ ဆောင်ရွက် ရခြင်း ဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။

သန်းခေါင်စာရင်း ကောက်ယူပြီးစီးတဲ့အခါမှာ ကောက်ယူရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့မှ လက်ရှိ အခြေအနေမှာ လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများ ရှိ/မရှိ။ အမည် သတ်မှတ်ချက် သတ်ပုံ၊ သတ်ညွှန်းမှအစ မှန်ကန်ကိုက်ညီမှု ရှိ/မရှိစသည်တို့ကို ကျွန်တော်တို့ ပါဝင် ပတ်သက်သူများ အားလုံး State Holder များ အားလုံးကနေပြီးတော့မှ ပြန်လည် အတည်ပြု ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ဖြေရှင်း တင်ပြ လိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယပိုင်းအနေဖြင့် မေးခွန်းမှာပါရှိသည့်အတိုင်း ချင်းလူမျိုးစု (၅၃)စု နေရာမှာ ချင်းလူမျိုးဟုသာ တစ်မျိုး တည်း သတ်မှတ်ပေးရန် တောင်းဆိုမှုများ၊ တိုင်းလိုင်နှင့် ရှမ်းနီဟု အဓိပ္ပာယ်တူ အခေါ်အဝေါ် ကွဲပြားမှုများကို တစ်မျိုးတည်း သတ်မှတ်ပေးရန် တောင်းဆိုမှုများနဲ့ ပတ်သက်ပြီးတော့မှ ဆက်လက်ရှင်းလင်း တင်ပြ လိုပါတယ်။

၂၀၁၄ ခုနှစ်၊ ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် တရားဝင်ပူးပေါင်းဆောင်ရွက်လျက် ရှိပြီး တော့မှ ပြောင်းလဲလာသော ခေတ်စနစ်များနဲ့အညီ နိုင်ငံတကာစံနှုန်းများနှင့် လူ့အခွင့်အရေး ဆိုသည့် အချက် (၂)ချက်အပေါ်မှာ အလေးထားအခြေခံ၍ နိုင်ငံ့လူဦးရေနှင့် ဖွဲ့စည်းမှုကို ပုံဖော်သွားနိုင်စေ ရန်လည်း စီမံထားရှိပါကြောင်း တင်ပြလိုပါတယ်။ ဆိုလိုသည်မှာ မိမိနိုင်ငံ အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံတကာ စံချိန်စံညွှန်းပုံစံများအတိုင်း ဆောင်ရွက်လျက်ရှိသကဲ့သို့ လူတစ်ဦးချင်းစီ၏ ပင်ကိုယ် ဆန္ဒအရ လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည့် လူ့အခွင့်အရေးအပေါ်မှာ အခြေခံ၍ မေးခွန်းများအား မိမိဆန္ဒ အတိုင်း ဖော်ပြချက်ကို ရေးသွင်းရသည်ဟု တင်ပြခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ လူမျိုးအမည် ဖြေတဲ့နေရာမှာလည်းပဲ ကျွန်တော်တို့ လက်ရှိသတ်မှတ်ထားတဲ့ (၁၃၅)မျိုး Code ကို ထားပြီးတော့မှ အဲဒီလူမျိုးထဲမပါတဲ့ အခြား လူမျိုးများ၊ အခြားဆိုသည်မှာ ကျွန်တော်တို့ နိုင်ငံခြားသားကို တင်ပြခြင်း မဟုတ်ပါဘူး။ ဒီလူမျိုးထဲမှာ မပါတဲ့ လူမျိုးများရှိရင်လည်း ကျွန်တော်တို့က မေးခွန်းမှာပဲ Code အပြင် အမည်ပါ ဖော်ပြရေးသားထားဖို့ အတွက်ကို မေးခွန်းမှာ လည်း နေရာ၊ ကွက်လပ် ချန်ထားပြီးသား ဖြစ်ပါတယ်။ ဤ သန်းခေါင်စာရင်းဟာ နိုင်ငံ့လူဦးရေ စုစုပေါင်းအား ဖော်ထုတ်နိုင်ရန် သာမကဘဲနဲ့ လူဦးရေပေါင်းစပ်ဖွဲ့စည်းမှုဟု ခေါ်ဆိုနိုင်သော အမျိုးမတူ ကွဲပြားခြားနားသည့် လူမျိုးစုနွယ် အရေအတွက်ကိုပါ သိရှိနိုင်မည်ဖြစ်၍ မတူကွဲပြား ခြားနားသည့် လိုအပ်ချက်များအပေါ်မှာ အလေးထား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်လည်း ရည်ရွယ်ပြီး ဆောင်ရွက် ခြင်း ဖြစ်ပါတယ်။

မေးခွန်းမှာပါရှိသည့်အတိုင်း လူမျိုးစုတစ်ခုလုံးအား အမည်တစ်မျိုးတည်းဖြင့် စုပေါင်းဖော်ပြ လိုသည်ဖြစ်စေ၊ ၎င်းလူမျိုးစုမှာ ပါဝင်တဲ့ လူမျိုးစုနွယ်များက ၎င်းတို့ရဲ့ လူမျိုးစုနွယ် အရေအတွက်ကို သီးခြားစီ သိရှိဖော်ပြလိုသည်ဖြစ်စေ၊ လူတစ်ဦးချင်းစီ၏ ပင်ကိုယ်ဆန္ဒအတိုင်း လွတ်လပ်စွာ ပြောဆိုသည့် အတိုင်း ရေးသွင်းပေးသွားမှာ ဖြစ်ပါတယ်။ စာရင်းကောက်သူများဘက်ကမှလည်းပဲ မည်သည့် ချုပ်ချယ်၊ စစ်ဆေး၊ ကန့်သတ်ချက်မျိုး မရှိကြောင်းလည်း တင်ပြလိုပါတယ်။ တိုင်းရင်းသားပြည်သူ၏ ပင်ကိုယ်ဆန္ဒ

အတိုင်းသာ အပြည့်အဝ လိုက်လျှောပေးမှာဖြစ်ပါတယ်။ လိုလားချက်များဟာ သက်ဆိုင်ရာ တိုင်းရင်းသား မျိုးနွယ်စုဝင် အားလုံး၏တူညီသည့်ဆန္ဒမျိုးသာ ဖြစ်သင့်ပါတယ်။

လူမျိုးတစ်မျိုးတည်းအဖြစ်သာ ရေးသားလိုခြင်း၊ လူမျိုးစုငယ်များ၏ဆန္ဒအတိုင်း သီးခြားစီ ရေးသား ပေးပို့လိုခြင်းတို့အား သက်ဆိုင်ရာ လူမျိုးစုအတွင်း အားလုံးလက်ခံလာအောင် ညှိနှိုင်းသွားမည့် ကိစ္စများသာ ဖြစ်ကြောင်းလည်း ရှင်းလင်းဖြေကြားလိုပါတယ်။

မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ကျွန်တော်တို့အနေနဲ့ စာရင်းကောက်များဘက်မှ တစ်ဦးချင်းစီ ၏ဆန္ဒအတိုင်း လိုက်လျှောပေးသွားမှာပဲ ဖြစ်ကြောင်းလည်း ရှင်းလင်းလိုပါတယ်။ ယခုအခါမှာ တချို့ လူမျိုးစုများဟာ ဤအချက်ကို သဘောပေါက်လက်ခံလာကြသည် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ သန်းခေါင် စာရင်းကောက်ယူရာမှာ မိမိတို့ လူမျိုးစုအားလုံး စာရင်းဝင်စေရေးအတွက် လူမျိုးစုအတွင်း ကွင်းဆင်း စစ်ဆေး စည်းရုံးမှုများ ပြုလုပ်နေသည်ကိုလည်း သတင်းများ၊ မီဒီယာကွန်ရက်များမှာ အများအပြား တွေ့မြင်နေကြရ ပြီလည်း ဖြစ်ပါတယ်။

လက်ရှိကောက်ယူမည့်ပုံစံအရ လူမျိုးစုတစ်ခုလုံး၏ အရေအတွက်အား သိရှိနိုင်သကဲ့သို့ ၎င်း လူမျိုးစု တစ်ခုအတွင်းမှာရှိတဲ့ လူမျိုးစုငယ် တစ်ဦးချင်း၏ အရေအတွက်ကိုလည်း သိရှိခွင့်ရမှာ ဖြစ်ပါ တယ်။ လူမျိုးစုငယ်တစ်စုချင်းကို စုစုပေါင်းရေတွက်ပါကလည်း ပင်မလူမျိုးစု တစ်စုလုံး၏ အရေအတွက်ကို ပြန်လည်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဖွဲ့အစည်းတစ်ခု၊ လူအုပ်စုတစ်ခု၏ ထုတ်ပြန် ကြေညာချက်၊ ပြောဆိုချက်များဟာ သက်ဆိုင်ရာ လူမျိုးစုတစ်စုလုံး၏ တူညီဆန္ဒဖြင့် ကိုယ်စားပြု/မပြု ဆိုသည့်အချက်ကိုလည်း အရေးကြီးပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဒီမှာ ကျွန်တော်တို့ ခုန ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကျွန်တော်တို့ သန်းခေါင်စာရင်းကောက်ပြီးရင်တော့ လူမျိုးစုကြီး၊ လူမျိုးစု ငယ်နဲ့ ပတ်သက်ပြီးတော့မှ ကော်မရှင်ဖွဲ့ပြီးတော့မှ ပြန်လည်သတ်မှတ်သင့်ကြောင်း ဆွေးနွေးချက်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ ဒီကိစ္စဟာ ကျွန်တော်တို့ ဝန်ကြီးဌာနတစ်ခုကပဲ ဆောင်ရွက်သွားမယ့် ကိစ္စမဟုတ်ပါဘူး။ ကျွန်တော်တို့ ဆောင်ရွက်ပြီးတဲ့အချိန်မှာတော့ သန်းခေါင်စာရင်းကောက်ပြီးတဲ့ အချိန်မှာ ကျွန်တော်တို့ ရရှိလာမယ့် မျိုးနွယ်စု သို့မဟုတ် မျိုးနွယ်စု လူမျိုးအရေအတွက်နဲ့ ပတ်သက်ပြီး တော့မှ၊ လူမျိုးရဲ့အမည်များနဲ့ ပတ်သက်ပြီးတော့မှ၊ ဒါတွေကို ကျွန်တော်ကနေပြီးတော့မှ ပါဝင် ပတ်သက်သူများ အားလုံးကို ဒါကနေပြီးတော့မှ ဝိုင်းဝန်းစဥ်းစား ဆုံးဖြတ်ပြီးတော့မှပဲ သတ်မှတ်သွားမယ့် အခြေအနေများကိုပဲ ကျွန်တော်တို့က အတည်ပြုသွားမှာ ဖြစ်ကြောင်း လည်း ရှင်းလင်းတင်ပြလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအပိုင်းအနေဖြင့် အထက်မှာ တင်ပြခဲ့သည့်အတိုင်း လက်ရှိအတည်ပြုထားတဲ့ တိုင်းရင်းသား လူမျိုး(၁၃၅)မျိုးဟာ နှစ်ပေါင်းများစွာ ပြန်လည်စိစစ်ခြင်း မပြုနိုင်တဲ့အတွက်ကြောင့်မို့လို့ ကာယကံရှင် တစ်ဦးချင်းက မိမိဆန္ဒအတိုင်း မိမိခံယူလိုသည့်အတိုင်း ပြောကြားခွင့် ရှိနေသည်ဖြစ်၍ မည်သည့်လူမျိုးစုဟာ မြေပြင်မှာ အမှန်တကယ်ရှိနေသည်။ မည်သည့်လူမျိုးစုများဟာ ပျောက်ကွယ် သွားသည်။ မည်သည့် လူမျိုးစု အသစ်များထပ်မံတွေ့ရှိသည် စသည်တို့အား သိရှိနိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပေါ် မှာ မူတည်ပြီးတော့မှ ပြန်လည် ပြင်ဆင်အတည်ပြုရန်တွေ့ရှိပါကလည်း စာရင်းကောက်ပြီးချိန် မှာတော့ ဒုတိယအဆင့် ကျွန်တော် ခုန တင်ပြတဲ့ ပါဝင်ပတ်သက်သော အဖွဲ့အစည်းများကနေပြီးတော့မှ

စုံညီစွာ ပေါင်းစပ်ပြီးတော့မှ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်သွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်သာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

အချုပ်အားဖြင့် မကြာမီဆောင်ရွက်မယ့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်ဟာ အမျိုးသားရေး လုပ်ငန်းစဉ် ဖြစ်ပြီးတော့မှ ကောက်ယူခြင်းခံရသည့် ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းသာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ပူးပေါင်းဆောင်ရွက်ကြရေးသည်သာ လွန်စွာ အရေးကြီးပါကြောင်း ထပ်လောင်း ရှင်းလင်းတင်ပြလိုပါတယ်။ ဤလုပ်ငန်းစဉ်ဟာ ကမ္ဘာပေါ်မှာ တစ်ခုတည်းသော အားလုံးပါဝင်ခွင့်ရှိတဲ့ လုပ်ငန်းစဉ် တစ်ရပ်ဖြစ်ပြီးတော့မှ ဤတစ်ချိန် ပါဝင်ခွင့် မရှိပါက နောင်အနည်းဆုံး (၁၀)နှစ်ကြာသည်အထိ ဤအခွင့်အရေးမျိုး ထပ်မံရရှိနိုင်ရန် စောင့်ဆိုင်းရဦးမည်ဖြစ်ပါတယ်။ တာဝန်ရှိအဖွဲ့အစည်းများမှ တိုင်း/ ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာ အဆင့်အထိ လူထုအသိပညာပေး လုပ်ငန်းများအား (၂)နှစ်နီးပါးခန့် အချိန်ယူ ကွင်းဆင်းပြောကြားခဲ့ပြီး ဖြစ်သလို လွန်ခဲ့တဲ့ (၁)နှစ်တာကာလ ၂၀၁၃ ခုနှစ်မှာလည်းပဲ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှာ ရှိတဲ့ မြို့နယ်(၂၀)မှာ အမှန်တကယ် ဆောင်ရွက်မည့်ပုံစံအတိုင်း စမ်းသပ်သန်းခေါင်စာရင်းကိုလည်း ကောက်ယူခဲ့ပြီး ဖြစ်ပါတယ်။ ပြင်ဆင်ဆောင်ရွက်မှုများမှာလည်းပဲ လုံလောက်သော အတိုင်းအတာ တစ်ရပ်အထိ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာကတော့ အခု လူမျိုးနဲ့ ပတ်သက်ပြီး ပြဿနာဖြစ်တဲ့နေရာမှာ၊ အခက်အခဲ ဖြစ်နေတဲ့နေရာမှာ ကျွန်တော်တို့ Code ကိစ္စလေးနဲ့ ပတ်သက်ပြီးတော့မှ နည်းနည်းလေးချဲ့ပြီးတော့မှ တင်ပြလိုပါတယ်။

ကျွန်တော်တို့ Code က ပထမအကြိမ် တင်ပြတဲ့အတိုင်းပါပဲ၊ မြန်မြန်လေး ကွန်ပျူတာကနေ ဖတ်လို့ရအောင်၊ ပုံရိပ်ဖမ်းစက်က ဖတ်လို့ရအောင် ကျွန်တော်တို့ Code သတ်မှတ်ခြင်း ဖြစ်ပါတယ်။ ဒီ Code က ကျွန်တော်တို့ ကွန်ပျူတာသုံးနဲ့ လူများနဲ့ သတ်မှတ်ထားတဲ့အဆင့်ပဲ ဖြစ်ပါတယ်။ အမှန်ကတော့ ကျွန်တော်တို့ မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက် ပြီးတော့မှ ကာယကံရှင်က မိမိတို့ရဲ့ လူမျိုးအမှန်ကို ဖြေကြားနိုင်ဖို့အတွက်ကို ကျွန်တော်တို့ မေးခွန်းမှာလည်းပဲ ကွက်လပ်တော်တော် ကျယ်ကျယ်လေး ထားခဲ့တာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီနေရာမှာ ဝိဝါဒကွဲခြင်း၊ တခြား အခက်အခဲများရှိခြင်း မရှိဘဲနဲ့ မိမိလူမျိုး အမှန်ကိုပဲ ဖြေကြားပေးပါလို့လည်း ထပ်ပြီးတော့မှ တင်ပြလို ပါတယ်။ ကျွန်တော်တို့ ပြင်ဆင် ဆောင်ရွက်မှုများကလည်းပဲ လုံလောက်တဲ့ အတိုင်းအတာအထိ ဆောင်ရွက်ခဲ့ပြီးသား ဖြစ်ပါတယ်။

နိုင်ငံတကာနည်းပညာ အကြံပေးအဖွဲ့ဝင်များမှလည်း စမ်းသပ်ခဲ့တဲ့နယ်မြေများမှာ သွားရောက်ပြီးတော့မှ လေ့လာအတည်ပြုခဲ့ပြီးသားလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့၊ ဒီအချိန်ကာလဟာ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အလွန်နီးကပ်နေပြီ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တိုင်းရင်းသား လုပ်သားပြည်သူ အားလုံးကနေပြီးတော့မှ မိမိရဲ့အကျိုး၊ မိမိ မိသားစုအကျိုး၊ နောင်မျိုးဆက်များ၏အကျိုးနဲ့ နိုင်ငံတော်အကျိုးငှာ စီမံချက်အောင်မြင်ရေး အပြည့်အဝ ပူးပေါင်းပါဝင်ကြပါရန်နှင့် ဤအစီအမံ နှောင့်နှေး/ကြန့်ကြာ/ရပ်တန့်မှုများ မရှိသင့်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်၍ ဝိုင်းဝန်းကူညီပံ့ပိုးပေးပါရန် ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

အချိန်၊ ၁၁း၅၁။

ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုမျိုး ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံ ဖြေကြားပေးသွားတဲ့အတွက်ကြောင့်မို့လို့ အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့ ဒီသန်းခေါင်စာရင်း ကောက်ယူရေးကိစ္စတွေမှာ အင်မတန်မှ အလေးအနက် ထားပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ သိရှိပါတယ်။ နားလည်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ကျွန်တော်တို့ ဒီသန်းခေါင်စာရင်း ကောက်ယူရေးဆိုတာကို ဥပဒေပြဋ္ဌာန်းပြီးတော့ကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါဟာ အင်မတန်မှ လေးနက်တဲ့ကိစ္စပါ။

အဓိက တင်ပြလိုတာကတော့ ခုနတုန်းကလိုပဲ အခုဟာကတော့လည်း ဒါ ဒုတိယဝန်ကြီး ဖြေရှင်းပြီးတဲ့အခါမှာ အဖြေက ရှင်းသွားပါပြီ။ ထွက်ပေါ်လာတဲ့ Result တွေကို Acid test ဒီအတိုင်း ဆုံးဖြတ်လိုက်မှာ မဟုတ်ဘဲနဲ့ သေသေချာချာ အချိန်ယူသုံးသပ်ပြီးတော့မှ ဒီလူဦးရေ၊ ကျွန်တော်တို့ ဒီမျိုးနွယ်စုတွေရဲ့ စာရင်းဇယားတွေကို ပြန်လည်ထုတ်ပြန်ပေးဖို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာ ခုနက ဒုတိယဝန်ကြီး ပြောသွားသလိုပါပဲ။ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကလည်း ဒီအပေါ်မှာ ပူးပေါင်းပါဝင်ပြီးတော့ ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့မှာ ခိုင်မာပြီးတော့ အငြင်းပွားဖွယ်ရာနည်းတဲ့ စာရင်းအမှန်မျိုးကို ကျွန်တော်တို့ရမှာ ဖြစ်ပါတယ်။ ဒီလို အချိန်ဟာ အချိန်ကောင်း၊ အခါကောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ အားလုံးဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းလိုပါတယ်။ နောက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ကြောင်းလေး ဖြည့်စွက်ပြီးတော့ တင်ပြလိုတာပါ ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

အချိန်၊ ၁၁း၂၅။

ဥက္ကဋ္ဌ။ ။ နောင်ကို ကျေးဇူးတင်ကြောင်း ပြောစရာမလိုဘူး။ ထပ်ဆင့်မေးခွန်းဆိုတာ မရှင်းမလင်းတာကို ထပ်မေးဖို့ပဲ ဖြစ်တယ်။

၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုနဲ့ ပတ်သက်တဲ့ မေးခွန်းနဲ့ အဖြေဟာ အများပြည်သူ စိတ်ဝင်စားတဲ့ မေးခွန်းနဲ့ အဖြေ ဖြစ်တဲ့အတွက် နည်းဥပဒေ ၁၂၂ အရ မြန်မာနိုင်ငံ ပြန်တမ်းမှာ ထည့်သွင်းဖို့အတွက် ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

အချိန်၊ ၁၁း၅၂။

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံ စာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၅၃။

ဦးတင်မြ (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။ ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြတဲ့ အစီရင်ခံစာကို တင်ပြရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၄- ၄၀

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဇန်နဝါရီလ ၃၀ ရက်

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ (၂-၇-၂၀၁၂)ရက်စွဲပါစာအမှတ်၊ ၂၈၁/ စု-၉ /၂၀၁၂ (လထန)ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲခဲ့သည့် “ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း ” ကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ ဤဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ၁၈-၁-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ်၊ ပြည်သူ့ လွှတ်တော်၊ ဆဋ္ဌမပုံမှန် အစည်းအဝေး တတိယနေ့တွင် ပြင်ဆင်ချက်မရှိ သဘောတူ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အစည်းအဝေးများ ကျင်းပခဲ့ပြီး ပြင်ဆင် သင့်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ ထိုသို့ ဆွေးနွေးညှိနှိုင်းရာတွင် တည်ဆဲတရားမ ကျင့်ထုံး ဥပဒေတွင် “ President of the Union ” ဆိုသည့် စကားရပ်များကို ခေတ်ကာလအရ အုပ်ချုပ်ရေးပိုင်း နှင့် တရားစီရင်ရေးပိုင်းတို့ အပိုင်း(၂)ပိုင်းလုံးက သင့်သလို ရောထွေးသုံးစွဲခဲ့တဲ့ အနေအထားများ တွေ့ရှိခဲ့ရပါတယ်။

၂။ ဤဥပဒေကြမ်းကို ၄-၇-၂၀၁၃ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးခဲ့ကြပါသည်။ တည်ဆဲတရားမကျင့်ထုံးဥပဒေတွင် ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို မည်သည့်ဌာန၊ အဖွဲ့အစည်းဖြင့် အစားထိုးသင့်သည်ကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် ညှိနှိုင်း ပြင်ဆင်ဖြည့်စွက်ထားသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသို့ ပေးပို့ရန် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အကြောင်းကြားခဲ့ရာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ ပေးပို့လာခြင်းမရှိသဖြင့် ၃၀-၈-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ်၊

အမျိုးသားလွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး (၂၈)ရက် မြောက်နေ့တွင် ယင်းဥပဒေကြမ်းကို ဆိုင်းငံ့ထားသင့်ကြောင်း အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ အဆိုတင်သွင်းခဲ့ရာ လွှတ်တော်က သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ယင်းဥပဒေကြမ်းတွင် President of the Union ဆိုသည့် စကားရပ်ကို တရားစီရင်ရေးကိစ္စနှင့် ပတ်သက်သည့် ပုဒ်မ များတွင် ယင်းစကားရပ် အစား Chief Justice of the Union ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြီးဖြစ်ကြောင်း၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာကိစ္စများနှင့် ပတ်သက်သည့် ပုဒ်မများကိုမူ နိုင်ငံတော်သမ္မတက ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်၍ ယင်းပုဒ်မများတွင်ပါရှိသော President of the Union ဆိုသည့် စကားရပ်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ပြင်ဆင်ရန် မရှိတော့ပါကြောင်းနှင့် ယင်းဥပဒေကြမ်းကို ဆက်လက် ဆောင်ရွက်ပေးနိုင်ပါရန် ၃၀-၉-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၄၇၇/စု-၉/၂၀၁၃(လထန)ဖြင့် ပေးပို့လာပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၉-၁-၂၀၁၄ ရက်နေ့တွင် ဒုတိယ ရှေ့နေချုပ် ဦးဆောင်သော ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ထပ်မံဆွေးနွေးညှိနှိုင်းခဲ့ရာတွင် ဤဥပဒေကြမ်း၌ ဥပဒေရေးထုံးဆိုင်ရာများကို ပြင်ဆင်ရန်လိုအပ်ပြီး President of the Union ဆိုသည့် စကားရပ်များကို တရားစီရင်ရေးကိစ္စနှင့် ပတ်သက်သည့် ပုဒ်မများတွင်သာ ယင်းစကားရပ် အစား Chief Justice of the Union ဆိုသည့် စကားရပ်ဖြင့် အစားထိုးခဲ့ခြင်းများမှာ ဆီလျော်ပြီး လုံလောက်မှုရှိပါကြောင်း သဘော တူညီချက်ရရှိခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းခဲ့သည့် တရားမကျင့်ထုံးဥပဒေကြမ်းတွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီနှင့် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်း သဘောတူညီခဲ့ပြီးဖြစ်သည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်သည့် အောက်ပါ အပိုဒ်များကို ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၄)၊ပုဒ်မခွဲ(၄-က)၊ ပုဒ်မခွဲ(၁၇)၊ ပုဒ်မခွဲငယ်(ခ)နှင့် (ဂ)၊ ပုဒ်မ ၃၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၃၅-က၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၈၀၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၈၃၊ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၈၆ ၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၀၀၊ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၆၊ ပုဒ်မ ၁၀၉၊ ပုဒ်မခွဲ (က)နှင့် (ခ)၊ နဝမပိုင်းခေါင်းစဉ်၊ ပုဒ်မ ၁၁၀၊ ပုဒ်မ ၁၁၃၊ ပုဒ်မ ၁၁၅၊ ပုဒ်မ ၁၁၇၊ ပုဒ်မ ၁၁၈၊ ပုဒ်မ ၁၁၉၊ ပုဒ်မ ၁၂၀၊ ပုဒ်မ ၁၂၂၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၂၉၊ ပုဒ်မ ၁၃၃၊ ပုဒ်မခွဲ(၂)၊ပုဒ်မ ၁၃၆၊ ပုဒ်မ ၁၃၇ နှင့် ပုဒ်မ ၁၃၉၊ ပုဒ်မခွဲ(ခ) တို့၌ ဖော်ပြထားချက်များအစား ဥပဒေရေးထုံးမှန်ကန်စေရန်အတွက် ပြင်ဆင် ရေးသားသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မ ၁၁၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၁၁၅၏ ပထမခြွင်းချက်နှင့် ဒုတိယခြွင်းချက်နှင့် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(ဃ)တို့ကိုမလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း တွေ့ရှိရပါသည်။

(ဂ) မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၇)၊ ပုဒ်မခွဲ(၁၅)၊ ပုဒ်မ ၂၉၊ ပုဒ်မ ၅၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(ဇ)နှင့် (ဈ)၊ ပုဒ်မ ၉၅၊ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၁၁၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၁၁၅၊ ပုဒ်မ ၁၂၃၊ တို့တွင် ဖော်ပြထားသည့် စကားရပ်များကို ခေတ်စနစ်နှင့် ညီညွတ်စေရန်အတွက် ဖြည့်စွက်ပြီး ဥပဒေရေးထုံးမှန်ကန်စေရန်အတွက် ပြင်ဆင်ရေးသားသင့်ကြောင်း တွေ့ရှိရပါသည်။

(ဃ) မူလဥပဒေပုဒ်မ ၁၀၂ ကို ဒုတိယ အယူခံဝင်ခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအတွက် ငွေတန်ဖိုး သတ်မှတ်ချက်ကို ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေပုဒ်မ ၁၂၆ ကို နည်းဥပဒေပြုခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ နှင့် ပုဒ်မ ၁၅၇ တို့နှင့် ညီညွတ်မှုရှိစေရန်အတွက် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း တွေ့ရှိရပါသည်။

(စ) ပြင်ဆင်ဖြည့်စွက်ချက်များကို ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၅။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လည်းကောင်း၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့်လည်းကောင်း အစည်းအဝေးများကျင်းပကာ ညှိနှိုင်းပြင်ဆင်ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဇယားအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသင့်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

အချိန်၊ ၁၂း၀၃။

ဥက္ကဋ္ဌ။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၇-၂-၂၀၁၄ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံရဲရွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

အချိန်၊ ၁၂:၀၃။

ဥက္ကဋ္ဌ။ ။အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ရဲရွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်းထားရှိရန် သဘောတူလက်ခံထားသဖြင့်လည်းကောင်း၊ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ မြန်မာနိုင်ငံရဲရွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

မြန်မာနိုင်ငံရဲရွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ အတည် ပြုချက်အတိုင်း ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မြန်မာနိုင်ငံရဲရွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းသည် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း

အချိန်၊ ၁၂:၀၄။

ဥက္ကဋ္ဌ။ ။ အစီအစဉ် (၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော် သို့ ပေးပို့ထားပါတယ်။

ယခု အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီက အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

အချိန်၊ ၁၂:၀၄။

ဒေါက်တာဝင်းမြင့်အောင် (အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာ ကော်မတီ)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင် အဖွဲ့ဝင်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)၊

အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝင်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီရဲ့ ၂၀၁၃ခုနှစ်၊ တတိယသုံးလပတ် အစီရင်ခံစာ ပထမပိုင်းကို ကော်မတီ၏ ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။

ကော်မတီဟာ အစီရင်ခံကာလအတွင်း အစည်းအဝေး (၁၉)ကြိမ် ပြုလုပ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများကို လေ့လာရန် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီးများသို့ သွားရောက်ခဲ့ပါတယ်။ ရှမ်းပြည်နယ် စီမံကိန်း များကို လေ့လာခဲ့တဲ့အခြေအနေကို တင်ပြရရင် ရှမ်းပြည်နယ်ဟာ မြေဧရိယာ ၃၈.၅ သန်း ဧက ကျယ်ဝန်းပြီး စိုက်ပျိုးနိုင်တဲ့မြေ ၃.၄၉ ဧက သန်းပဲ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ အဓိက သီးနှံ (၁၅)မျိုးအနက် မိုးစပါး၊ နွေစပါး၊ အစေ့ထုတ်ပြောင်း၊ ဂျုံ၊ ပဲစင်းငုံ၊ ကြက်သွန်ဖြူ တို့ကို ပိုမို စိုက်ပျိုးနိုင်ခဲ့ပြီး ပဲပုတ်၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာများ၊ ကြက်သွန်နီ၊ အာလူး စိုက်ပျိုးမှု လျော့နည်း ခဲ့ပါတယ်။ ဆန်ဖူလုံမှုမှာ (၁၄၆)ရာခိုင်နှုန်းနဲ့ ဆီဖူလုံမှုမှာ (၉၇)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဆည်မြောင်း ကဏ္ဍမှာ ရေလွှဲဆည် (၅)ခုရဲ့ ဆည်ရေသောက်ဧရိယာမှာ (၂၅၀၀၀) ဧကဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် (၁၄၀၉၀)ဧက စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။

အင်းလေးကန်ဟာ တဖြည်းဖြည်း တိမ်ကောလာပြီး အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ရွှောင်မြို့နယ်အတွင်း ဇော်ဂျီမြစ် ပေါ်မှာ ဆောင်ရွက်ပြီး ရေလှောင်တမံတစ်ခုနဲ့ ဆောင်ရွက်ဆဲ (၂)ခုရှိပါတယ်။ မြို့ကြီးရေလှောင်တမံ စီမံကိန်းဟာ (၇၇)ရာခိုင်နှုန်း ပြီးစီးနေပြီး ၂၀၁၄-၂၀၁၅ မှာ ပြီးစီးသွားပါက ဇော်ဂျီရေလှောင်တမံကို ရေကူပေးနိုင်မှာနဲ့ မိတ္ထီလာလွင်ပြင်စိုက်ပျိုးရေပေးရန်တို့အပြင် လျှပ်စစ်ဓာတ်အား (၃၀) မဂ္ဂါဝပ်ပါ ထုတ်လုပ်နိုင်မှာ ဖြစ်ပါတယ်။ ထိုဆည်မြောင်းစီမံကိန်းများရဲ့ ဘဏ္ဍာနှစ်အလိုက် သာမန်နှင့် ငွေလုံး ငွေရင်း အသုံးစရိတ်များကို ပီပီပြင်ပြင် ဖော်ပြနိုင်ခြင်း မရှိသေးတဲ့အပြင် ရေခွန်ကြွေးကျန် (၁၀၈.၅) သန်း ရှိကြောင်း တွေ့ရှိရပါတယ်။

ကယားပြည်နယ်ရှိ စီမံကိန်းများကို လေ့လာရာတွင် ကယားပြည်နယ် ဧရိယာ၏ (၅.၉) ရာခိုင်နှုန်း သည် စိုက်ပျိုးနိုင်သည့်မြေများဖြစ်ကြောင်းနှင့် ၂၀၁၃ခုနှစ်တွင် မိုးစပါး၊ နွေစပါး၊ နှံစားပြောင်း၊ ဥစားပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ပဲနီစိမ်း၊ ပဲပုတ်၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူးစိုက်ပျိုးမှုများ လျော့နည်းခဲ့ပြီး အစေ့ထုတ်ပြောင်းနဲ့ ပဲစင်းငုံကိုသာ ပိုမိုစိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။

ဆည်မြောင်း လုပ်ငန်းများတွင် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေလှောင်ကန် စုစုပေါင်း (၃၂)ခု အကျိုးပြု ဧရိယာ (၉၄၆၅၄)၊ ဆည်ရေပေးဝေနိုင်သည့်ဧရိယာ (၄၁၁၉၀) ရှိကြောင်းတွေ့ရှိရပါတယ်။ မိုးဗြဲ ရေလှောင်တမံမှ တစ်နှစ်လျှင် မိုးစပါး (၁၂၆၄၆)ဧကနဲ့ နွေစပါး (၄၄၈၃)ဧက ရေပေးဝေနိုင်ပါတယ်။ ငွေတောင်ရေလှောင်တမံဟာ အကျိုးပြုဧက (၈၉၂၀) ဖြစ်ပြီး၊ တစ်နှစ်မှာ မိုးစပါး (၄၄၂၆)ဧကနဲ့ နွေစပါး (၁၈၃၀)ဧက ရေပေးနိုင်ကြောင်း သိရှိရပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းမှာ တပ်ကုန်းမြို့နယ် မုန်းချောင်း ရေထိန်းတမံမှ ၂၀၁၃ ခုနှစ် တွင် မိုးစပါး (၄၀၉၃)ဧက၊ နွေစပါး (၁၀၁)ဧက စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။ ပေါင်းလောင်း တမံဘက်စုံစီမံကိန်းမှ လျှပ်စစ်(၂၈၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး ရေလွှဲဆည်မှတစ်ဆင့် လယ်မြေ

(၃၅၀၀၀)ဧက ပေးဝေနိုင်ရန် ရေသောက်စနစ် တည်ဆောက်နေရာ (၆၃)ရာခိုင်နှုန်း ပြီးစီးနေကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် အားလုံး ပြီးစီးမည်ဟု သိရှိရပါတယ်။

ဆင်သေချောင်း ရေလွှဲဆည်ဟာ မူလဆည်ရေသောက်မြေဧရိယာ (၃၂၃၉၀)ဧကတွင် ဧက (၂၀၀၀၀)သာ ပေးဝေနိုင်ကြောင်း တွေ့ရှိရပါတယ်။ မန္တလေးတိုင်းဒေသကြီး လယ်ယာကဏ္ဍတွင် ဧရာဝတီမြစ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း စမြိတ်ခုန်(၃)ဟာ စီမံကိန်းလုပ်ငန်းအချို့ လုပ်ကိုင်ခဲ့ပြီး ယခုအခါ ရပ်နားထားပါတယ်။ ကျောဇီ၊ ငသရောက်နှင့် လောကနန္ဒာ မြစ်ရေတင်စီမံကိန်း တို့သည် မူလဧရိယာ (၂၇၇၀၀)ဧက ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်မှ နှစ်စဉ်ပျမ်းမျှ (၅၉၁၄)ဧက၊ (၂၂)ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်၍ နှစ်စဉ် အရှုံးပေါ်နေသော စီမံကိန်းများဖြစ်ကြောင်း တွေ့ရှိရပါတယ်။ မြင်းခြံခရိုင်နဲ့ ညောင်ဦးခရိုင် အတွင်းရှိ အခြားမြစ်ရေတင်စီမံကိန်း (၁၈)ခုမှာလည်း မူလရေသောက်ဧရိယာ၏ (၁၉) ရာခိုင်နှုန်းသာ ရေပေးနိုင်သဖြင့် အကျိုးပြုမှု လွန်စွာနည်းပါးကြောင်း တွေ့ရှိရပါတယ်။ ဆည်တော်ကြီး ဆည်ဟာ လျှပ်စစ် (၂၅)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး မြေ (၉၆၇၈၅)ဧက ရေပေးဝေနိုင်၍ (၇၇)ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိ ရပါတယ်။ ၂၀၀၁ ခုနှစ်မှ ယနေ့အထိ တစ်နေ့ ပျမ်းမျှစပါး (၁.၅၆)သိန်း ဧကနှင့် အခြားသီးနှံ (၁၆၃၀၀)ဧက စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။

ကြက်မောက်တောင် ရေလှောင်တမံ၏ မူလလျာထား(၂၉၇၈၆)ဧကဖြစ်ပြီး တစ်နှစ်ပျမ်းမျှ (၇၂၇၈)ဧက (၂၅)ရာခိုင်နှုန်းသာ ဆည်ရေပေးဝေနိုင်ကြောင်း တွေ့ရှိရပါတယ်။ တူးမြောင်းအဖျားပိုင်း လက်တံ (၂)နှင့်(၃)တို့၏ ရေသောက် ဧရိယာများမှာ (၄၅)နှစ်ခန့် ကြာသည့်တိုင် ရေမရရှိ၍ အမျိုးသား လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်း မေးမြန်းခဲ့သဖြင့် တူးမြောင်းများ ပြန်လည်ပြုပြင် ပေးခြင်းကြောင့် ဆည်ရေများ ရရှိနေပြီ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး လယ်ယာကဏ္ဍတွင် စိုက်ပျိုးမြေဧရိယာ ဧက (၄.၆၄)သိန်းဖြစ်ပြီး မိုးသီးနှံ(၇)မျိုးကို မြေ(၅.၄၉)သန်းဧက တွင် စိုက်ပျိုးကြောင်း တွေ့ရှိရပါတယ်။ ဆည်ရေသောက် မြေဧရိယာမှာ ဧက (၅.၁၅)သိန်းခန့် ဖြစ်ကြောင်း သိရှိရပါတယ်။

စပါး(၁.၈)သန်းဧက၊ ဂျုံ၊ အစေ့ထုတ်ပြောင်း၊ ဥစားပြောင်း၊ နှံစားပြောင်း၊ ပဲအမျိုးမျိုး စုစုပေါင်း ဧက(၁၀)သိန်းစိုက်ပျိုးကြောင်း တွေ့ရှိရပါတယ်။ ဆန်ဖူလုံမှုမှာ (၂၃၂) ရာခိုင်နှုန်း ဖြစ်ပြီးတော့ စားသုံးဆီ ဖူလုံမှုကတော့ (၅၇၆)ရာခိုင်နှုန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဆည်မြောင်းစီမံကိန်းများမှာ သဖန်းဆိပ် ရေလှောင်တမံစီမံကိန်းဟာ လျှပ်စစ် (၃၀)မဂ္ဂါဝပ် ထုတ်လုပ်နိုင်ပြီး စုစုပေါင်း ဆည်ရေသောက် ဧရိယာမှာ (၅.၁၈)သိန်းဧက ဖြစ်ပါတယ်။ ကင်းတပ်ရေထိန်းတမံကလည်း လက်ဝဲ လက်ယာ တူးမြောင်းများဖြင့် ဧက (၂၇၇၀၀) ရေပေးဝေနိုင်ပါတယ်။

ကာဘိုးရေလွှဲဆည်ဟာ ရွှေဘိုနဲ့ ရေဦးတူးမြောင်းစနစ်(၂)ခုမှ ကန့်ဘလူ၊ ခင်ဦး၊ ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ဒီပဲယင်း၊ အရာတော် မြို့နယ်များရှိ မြေဧရိယာ (၃.၃)သိန်းဧကကို ရေပေးဝေ နိုင်ကြောင်း သိရပါတယ်။ ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ မူလသတ်မှတ်ဧရိယာ (၄၀၀၀၀)တွင် ၂၀၀၆ ခုနှစ်မှစ၍ (၈)နှစ်အတွင်း ပျမ်းမျှ (၈၈၆၅)ဧကသာ ရေပေးဝေနိုင်ပြီး ရေသွင်း စိုက်ပျိုးမှုအတွက် လျှပ်စစ်ဓာတ်အားခမှာ တစ်ဧကလျှင် ကျပ်ခုနစ်သောင်းမှ ကျပ်တစ်သိန်းနှစ်သောင်း အထိ ကုန်ကျသဖြင့် လျှပ်စစ်ကြွေးကျန်များ ရှိနေကြောင်း တွေ့ရှိရပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်း စီမံကိန်း လုပ်ငန်းများမှာ ရဲနွယ်မြေသားတမံ၊ တမံအမြင့် (၂၅၀)ပေ၊ ကွန်းချောင်း ကျောက်ဖြစ်တမံ၊ တမံအမြင့် (၂၄၀)ပေ၊ ဖြူးချောင်း ကျောက်ဖြစ်တမံ၊ တမံအမြင့် (၂၄၅)ပေနဲ့

ခပေါင်းတမံ၊ မြေသားတမံ၊ တမံအမြင့် (၂၀၀)ပေများ ဖြစ်ပြီးတော့ ဆည်ရေသောက်ဧရိယာ စုစုပေါင်းဟာ (၃၃၃၅၀၀) ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ စီမံကိန်း ခန့်မှန်းကုန်ကျ စရိတ်များ ဖော်ပြထားခြင်း မရှိကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးကဏ္ဍမှာ ဧရာဝတီရေထိန်းတမံစီမံကိန်း အမှတ်(၁၁) ရန္တပိုသည် ဧရာဝတီမြစ်ပေါ်မှာ တည်ဆောက်မယ့်စီမံကိန်း (၁၆)ခုအနက် တစ်ခုဖြစ်ပါတယ်။ အမြင့်(၃၀) ပေ၊ တမံအနိမ့် တည်ဆောက်ပြီးတော့ မြစ်ရေစု မြှင့်တင်ရန်နဲ့ လျှပ်စစ်ဓာတ်အား (၁၅၀)မဂ္ဂါဝပ် ထုတ်လုပ်ရန် ရည်ရွယ်ကြောင်း သိရှိရပါတယ်။ အကြိုဖြစ်နိုင်စွမ်း လေ့လာမှုအတွက် ခန့်မှန်းကုန်ကျငွေ ယူရို (၈)သိန်းခန့်ဖြင့် ဆောင်ရွက်ခဲ့ပြီး စီမံကိန်းအဆင့်(၂)အဖြစ် ဖြစ်နိုင်စွမ်းလေ့လာမှုနှင့် ဒီဇိုင်း အသေးစိတ်ပြုစုခြင်းအတွက် ယူရို (၇.၂)သန်း ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်ရန် ယူရို (၄၀၀)သန်းတို့ကို အပြည်ပြည်ဆိုင်ရာမှ ထောက်ပံ့ရင်းနှီးမြှုပ်နှံရန်ဖြစ်၍ လက်တွေ့အကောင်အထည်ဖော် ရန် အချိန်ကြာဦးမယ် ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ခင်ဦးကွန်ကရစ် ဇလီဖားစက်ရုံမှာ ၂၀၀၉ ခုနှစ်မှစပြီးတော့ တစ်နှစ်လျှင် ကွန်ကရစ် ဇလီဖား (၁၅၀၀၀၀)နှုန်း ထုတ်လုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)သံမဏိစက်ရုံ ပင်းပက်ဟာ တစ်ရက် မှာ Pig Icon တန်(၆၀၀)၊ Granulated slab တန် (၈၀၀) နှင့် Hematite သံရိုင်းတန် (၂၀၀၀) ထုတ်လုပ်ကြောင်း သိရှိရပါတယ်။ Hematite သံရိုင်းသည် အမှတ်(၁)သံမဏိစက်ရုံ၊ မြင်းခြံအတွက် ကုန်ကြမ်းအဖြစ် အသုံးပြုရန် ဖြစ်ပါတယ်။ စီမံကိန်းဆောင်ရွက်နိုင်ရန် MEC နှင့် TPE ကုမ္ပဏီ ရုရှားတို့ အကြား စာချုပ်တန်ဖိုး ယူရို (၁၃၇.၅)သန်းဖြစ်ပြီး TPE ကုမ္ပဏီ၏ လစ်ဟင်းမှုကြောင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုကို ထိခိုက်လျက်ရှိကြောင်းသိရှိရပါတယ်။ အမှတ်(၃၆)အကြီးစားမှန်စက်ရုံ ကျောက်ဆည် ဟာ ၂၀၀၇ ခုနှစ်တွင် CAMEC ကုမ္ပဏီ တရုတ်နှင့် စာချုပ် ချုပ်ဆိုပြီး တည်ဆောက်ခဲ့ရာ လည်ပတ်ရန် အသင့်အနေကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ အရောင်မှန်၊ ရိုးရိုးမှန်၊ အကြည်လွှာတပ်မှန်၊ အားဖြည့်မှန်၊ ကြည့်မှန် စုစုပေါင်း (၄၂၇၇၀)တန် ထုတ်လုပ်ပေးနိုင်မယ့် စီမံကိန်း ဖြစ်ပါတယ်။ အမှတ်(၁)သံမဏိစက်ရုံ စီမံကိန်း၊ မြင်းခြံဟာ ၂၀၀၄ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး တစ်နှစ်လျှင် steel billet နှင့် steel slab တန်နှစ်သိန်း ထုတ်လုပ်ရန် ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ မတ်လတွင် စက်ရုံ စတင်လည်ပတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်အထိ billet ထုတ်လုပ်မှု (၈၄၈၅၀)တန် ဖြစ်ပါတယ်။ စီမံကိန်းအတွက် နိုင်ငံခြားဖက်စပ်ကုမ္ပဏီ များ၏ ချေးငွေ အမေရိကန်ဒေါ်လာ (၁၆၇၃.၈)သန်း ဖြစ်ပါတယ်။

အမှတ်(၁၀)စက်ရုံ၊ တောင်သာဟာ စွပ်ကျယ်၊ တီရှပ်၊ စပို့ရှပ်နဲ့ ကလေးဝတ် အထည်အမျိုးမျိုး ထုတ်လုပ်နိုင်ရန် ကုန်ကျငွေ (၂၇၅၀) သန်းဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်မှ စ၍ နှစ်စဉ် ကျပ် (၆၆)သန်းခန့် အရှုံးပေါ်နေကြောင်း တွေ့ရှိရပါတယ်။ ဆောက်လုပ်ရေးကဏ္ဍတွင် ရှမ်းပြည်နယ် တောင်ပိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မူလနှင့် ဖြည့်စွက်ရန်ပုံငွေဖြင့် ၂၀၁၃-၂၀၁၄ တွင် လုပ်ငန်းပေါင်း (၂၆)ခု၊ ၂၀၁၄-၂၀၁၅ တွင်လုပ်ငန်းပေါင်း (၄၃)ခု၊ ၂၀၁၅-၂၀၁၆ တွင် (၅၅)ခုတို့ လျာထားကြောင်း ဖော်ပြထားပါတယ်။ လုပ်ငန်းအမျိုးအစား (၁၁)မျိုး ဖြစ်ကြောင်း သိရှိရပါတယ်။ ကယားပြည်နယ်မှာ ၂၀၁၃-၂၀၁၄ တွင် လုပ်ငန်း (၂၈)ခု၊ ၂၀၁၄-၂၀၁၅ တွင် လုပ်ငန်း (၃၄)ခု ၂၀၁၅-၂၀၁၆ တွင် လုပ်ငန်း (၁၂)ခု ဖြစ်ကြောင်း ဖော်ပြထား ပါသည်။ လုပ်ငန်းအမျိုးအစား (၇)မျိုး ဖြစ်ကြောင်း

သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၂၀၁၃-၂၀၁၄ တွင် ပစင လုပ်ငန်း (၂၅)ခုနှင့် တိုင်းဒေသကြီး အစိုးရလုပ်ငန်း(၄၈)ခု ၂၀၁၄-၂၀၁၅ တွင် လုပ်ငန်း (၁၅)ခု ၂၀၁၅-၂၀၁၆ တွင် လုပ်ငန်း (၁၄)ခု ဖြစ်ကြောင်း တွေ့ရှိရပါတယ်။

သစ်တောကဏ္ဍမှာ ရှမ်းပြည်နယ်တောင်ပိုင်း သစ်တောဦးစီးဌာနဟာ၂၀၁၃ ခုနှစ်မှာ သစ်တောထွက် ပစ္စည်း (၂၁) မျိုး၊ ကျွန်း (၄၇၀)တန်၊ သစ်မာ (၁၆၀၀)တန် ကျွန်းနှင့် သစ်မာတိုင် (၁၉၃၀၀)လုံး၊ မျှော (၉၁၄၀)လုံး ထုတ်လုပ်ကြောင်း တွေ့ရှိရပါတယ်။ အခွန်တော်ငွေ (၉.၄)သိန်း လျာထားပြီး (၂)သိန်း (၂၁)ရာခိုင်နှုန်း ရရှိကြောင်း တွေ့ရှိရပါသည်။ သစ်တောများ ထူထောင်ရာတွင် ကျေးရွာ (၂၅၄)ရွာနှင့် အဖွဲ့ဝင် (၁၁၈၅၀)ဦး၊ ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော စိုက်ခင်း (၄၉၁)ဧက သဘာဝတော (၂၄၈၄၄)ဧက ကြိုးပြင်စိုက်ခင်း (၃၀) ဧကနဲ့ သဘာဝတော (၃၉၃၁၉)ဧက ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အင်းလေးကန် ရေဝေရေလွှဲဧရိယာတွင် သစ်တောဖုံးလွှမ်းမြေ (၅.၆)ရာခိုင်နှုန်းနှင့် ကန်ရေပြင်ဧရိယာ (၆.၇)ရာခိုင်နှုန်း လျော့နည်းခဲ့ပြီးတော့ စိုက်ပျိုးမြေ နှင့် အခြားမြေ (၂)ရာခိုင်နှုန်း ပိုခဲ့ကြောင်း တွေ့ရှိရပါသည်။

မြန်မာ့သစ်လုပ်ငန်းအနေနဲ့ တောင်ကြီး၊ လွိုင်လင်၊ ကျိုင်းတုံ၊ လားရှိုး၊ မိုးမိတ်၊ ရွှေလီ၊ မဘိမ်း၊ သစ်ထုတ်လုပ်ရေးဒေသများနဲ့ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနများက ၂၀၁၀-၂၀၁၁ မှ ၂၀၁၂-၂၀၁၃ ထိ နှစ်အလိုက် ကျွန်း (၃၃၂၀၀၀)တန်၊ ပယ်ကျွန်း (၁၈၀၀)တန်၊ သစ်မာ (၁၇၀၃၀၀)တန် ပြင်ပကုမ္ပဏီ (၁၂)ခုတို့ ပါဝင်လုပ်ကိုင်ကြောင်း တွေ့ရှိရပါတယ်။ သစ်ခွဲသားဖြန့်ဖြူးမှုမှာ (၃၅၈၄၀)တန် ဖြစ်ပြီး တရုတ်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့နိုင်မှုမှာ ကျွန်း (၁၅၅၂၂)တန်၊ အမေရိကန်ဒေါ်လာ (၁၀.၃၆၂)သန်း၊ သစ်မာ (၂၆၂)တန်၊ အမေရိကန်ဒေါ်လာ (၀.၃၇၂)သန်း ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကုမ္ပဏီများ က သစ်တောပြန်လည်ပြုစု ပျိုးထောင်ရေးအတွက် သစ်ပင်(၈၀၃၀၀)ပင် စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါတယ်။

ကယားပြည်နယ် သစ်တောကဏ္ဍတွင် လုပ်ငန်းကဏ္ဍ(၁၃)ခု၊ ကျွန်းသင်းသတ်ခြင်း (၂၃၈၀) ပင်၊ ကျွန်းနှင့်သစ်မာ ပင်တောင်ရိုက်မှတ်ခြင်း (၂၃၃၀)ပင်၊ ဓမ္မတာမျိုးဆက်ခြင်း (၁၃၀)ပင်၊ ကြိုးဝိုင်း နယ်နိမိတ် ပြင်ဆင်ခြင်း (၁၅)မိုင်တို့ ဖြစ်ပါတယ်။ သစ်တောထွက်ပစ္စည်း (၂၄)မျိုးကို လျာထားချက် ပြည့်မီအောင် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအထိ ပြည်နယ်ဘဏ္ဍာခွန် လျာထားကျပ်(၂၆.၅)သန်း ကျပ်မှ(၁၉.၂၇)သန်း ကောက်ခံရရှိပြီး ပြည်ထောင်စု အခွန်ဘဏ္ဍာလျာထား (၅၆.၇)သန်းမှ ၆.၇ သန်းသာ ကောက်ခံရရှိသဖြင့် အားရဖွယ်မရှိကြောင်း တွေ့ရှိရပါတယ်။ ဘဏ္ဍာငွေ ခွဲဝေရရှိမှုမှာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအထိ ပြည်နယ်အဆင့် ကျပ်(၁၈၉)သန်းရရှိပြီး သုံးစွဲမှုမှာ ကျပ် (၈၈.၆၅)သန်း၊ (၄၇) ရာခိုင်နှုန်းဖြစ်ပြီး ပြည်ထောင်စုအဆင့် (၇.၉) သန်းရရှိ၍ (၄.၁၈) သန်း သုံးစွဲကြောင်း တွေ့ရှိရပါတယ်။

ဒေသအစုအဖွဲ့ပိုင် သစ်တောတည်ဆောက်မှုတွင် လွိုင်ကော်မြို့နယ်တွင် (၄၀) ဧက၊ ဒီမောဆိုး မြို့နယ်တွင် (၅၀) ဧက ဖြစ်၍ တာဝန်ပေးချက်အရသာ လုပ်ဆောင်သည့်အသွင် ဆောင်နေ ကြောင်း တွေ့ရှိ ရပါတယ်။ ကယားပြည်နယ် မြန်မာ့သစ်လုပ်ငန်းက ၂၀၁၀-၁၁ မှ ၂၀၁၂-၁၃ အထိ စုစုပေါင်း ကျွန်းသစ် ထုတ်လုပ်မှု လျာထား (၄၆၀၀၀) တန်၊ ဆောင်ရွက် (၁၆၄၀၀) တန်၊ ပယ်ကျွန်း လျာထား ၆၈၉၀ တန်၊ ထုတ်လုပ် (၂၃၃၂) တန်၊ သစ်မာလျာထား (၅၄၄၀၀) တန်၊ ထုတ်လုပ် (၃၄၁၈၉)တန် ဖြစ်ပြီး ကုမ္ပဏီ

(၈)ခု လုပ်ကိုင်ကြောင်း သိရှိရပါတယ်။ သစ်ခွဲသား ဖြန့်ဖြူးနိုင်မှုမှာ စုစုပေါင်း အုပ်စု(၁) (၁၈၆၀) တန်နှင့် အခြားသား (၄၈၀၀)တန်တို့ ဖြစ်ကြပါသည်။ သစ်တောများ ပြန်လည်ထူထောင်ခြင်းတွင် သစ်တောဦးစီးဌာန ၁၁၀၀ ပင်၊ ကုမ္ပဏီ (၇)ဖွဲ့က (၁.၂)သိန်းပင် ဟု ဖော်ပြ ထားရာ ဆောင်ရွက်ချက် နည်းပါးသည်ဟု တွေ့ရှိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး သစ်တောကဏ္ဍတွင် သစ်တောဖုံးလွှမ်းဧရိယာ (၁၁.၄၃) ဧကသန်း၊ (၄၉.၃၆) ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၁၀-၁၁ မှ ၂၀၁၂-၁၃ ထိ ခရိုင်(၅)ခုတွင် နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဒေသအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်နိုင်မှုမှာ စုစုပေါင်း (၁၈၃၃) ဧက ဖြစ်ပါတယ်။ ၂၀၁၁-၁၂ မှ ၂၀၁၃-၁၄ ထိ နှစ်အလိုက် ပြုန်းတီးသစ်တောနေရာတွင် ကျွန်း၊ ပျဉ်းကတိုး စိုက်ခင်းများကို နိုင်ငံပိုင်အခန်းမှ (၈၅၀၀) ဧက၊ ပုဂ္ဂလိကပိုင်အခန်းမှ (၇၉၀) ဧက၊ ဒေသအစုအဖွဲ့ပိုင်အခန်းမှ (၄၆၃) ဧက အသီးသီး ထူထောင်နိုင်ကြောင်း တွေ့ရှိရပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အမျိုးသားဥယျာဉ် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများ ထိန်းသိမ်းကာကွယ်ခြင်းတို့ကို လုပ်ဆောင် လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

တိုင်းဒေသကြီးအတွင်း လူထုအဖွဲ့အစည်းများ ပါဝင်မှုဖြင့် ၂၀၁၁-၂၀၁၂ မှ ၂၀၁၃-၂၀၁၄ ထိ စုစုပေါင်း ကျွန်းသစ်မာပင် (၁.၂၇) သန်း စိုက်ပျိုးထူထောင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မြန်မာ့သစ်လုပ်ငန်းက ၂၀၁၁-၁၂ တွင် ကျွန်းခွဲသား (၆၆၀) တန်၊ သစ်မာခွဲသား ၄၃၂၀၀ တန်၊ ၂၀၁၂-၁၃ တွင် ကျွန်းခွဲသား (၇၃၀) တန်၊ သစ်မာခွဲသား (၂၈၁၀၀) တန် အသီးသီး ဖြန့်ဖြူးရောင်းချခဲ့ပါတယ်။ ထမံသီရေလှောင်တမံရဲ့ ရေဝပ်ဧရိယာ (၁၄၄၀၀) ဧကကို အပြောင်းရှင်း စီမံချက်ဖြင့် ပုဂ္ဂလိကကုမ္ပဏီ (၁၈) ခုကို လွဲထုတ်ယူခွင့်ပြုခဲ့ရာ ၂၀၀၅-၂၀၀၆ မှ ၂၀၁၂-၂၀၁၃ အထိ သစ်မျိုးစုံ စုစုပေါင်း (၆.၆၅) သိန်းတန်ခန့် ထုတ်လုပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ အစီရင်ခံစာ ဒုတိယပိုင်းကို ကော်မတီအတွင်းရေးမှူး ဒေါ်ရီရီမြင့် က ဆက်လက် ဖတ်ကြားတင်သွင်းသွားမည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

အချိန်၊ ၁၂း၂၂။

ဒေါ်ရီရီမြင့်(ကော်မတီဝင်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ)။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဦးစွာ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်ရှင်။

ကျွန်မအနေနဲ့ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီရဲ့ကိုယ်စား ၂၀၁၃-၁၄ ခုနှစ်၊ တတိယသုံးလပတ်အကုန်အထိ လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာ ဒုတိယပိုင်းကို ကျွန်မ ဒေါ်ရီရီမြင့်၊ အတွင်းရေးမှူးမှ ဆက်လက်ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကိုယ်စားလှယ်များအား အစီရင်ခံစာကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်သည့်အတွက် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီးရှိ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ပတ်သတ်၍ အကျဉ်းချုပ် တင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှာ ဗို့အားမြင့် မဟာဓာတ်အားလိုင်း စုစုပေါင်း (၂၅၆၀) မိုင်ခန့်ရှိပါတယ်။ ဒေသအလိုက်ဓာတ်အားပျောက်ဆုံးမှုများကို ၂၀၁၃ ခုနှစ်၊ ၆ လမှ ၈ လ ပိုင်းအထိ မှတ်တမ်းများအရ ရှမ်းပြည်နယ်တောင်ပိုင်းတွင် (၂၃.၁၅) ရာခိုင်နှုန်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် (၇.၅၈) ရာခိုင်နှုန်းနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (၀.၃၇) ရာခိုင်နှုန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း ၂၀၁၀-၂၀၁၁ မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ လျှပ်စစ်မီးရရှိပြီး ကျေးရွာပေါင်း (၁၈၁၇) ရွာရှိ၍ ၂၀၁၃-၂၀၁၄ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စီမံချက် လျာထားချက်တွင် ရွာပေါင်း (၂၂၀၀) ဖြစ်ပြီး မီးရရှိနိုင်ရန် ရွာပေါင်း (၃၃၁၀)ရွာ ကျန်ရှိဦးမှာ ဖြစ်ပါတယ်။ စက်တပ်ဆင် အင်အား (၁၀)မဂ္ဂါဝပ်အောက်ရှိ အသေးစား ရေအားလျှပ်စစ်စက်ရုံ (၁၁)ခုကို ရှမ်းပြည်နယ် အစိုးရအဖွဲ့ သို့ ၂၀၁၃ ခုနှစ်၊ (၈) လပိုင်းတွင် လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်ရှိ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ တီကျစ်ဆိုင်ရာ အခြေအနေများကို အကျဉ်းချုပ် ဖော်ပြသွားပါမယ်။ ပင်လောင်းမြို့နယ်အတွင်း စက်တပ်ဆင်အင်အား (၁၂၀) မဂ္ဂါဝပ်ရှိ ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် CHME ကုမ္ပဏီ (တရုတ်)တို့အကြား ခန့်မှန်းကုန်ကျစရိတ် ကျပ် (၂၈၈၆၀)သန်းခန့်နှင့် နိုင်ငံခြားသုံးငွေ US$ (၄၃) သန်းခန့်တို့ဖြင့် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ ပါတယ်။၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ ပျမ်းမျှဓာတ်အားထုတ်လုပ်မှု ယူနစ် (၃၄၈)သန်းနှင့် ဓာတ်အား ပို့လွှတ်မှုယူနစ် (၂၆၇) သန်း ဖြစ်ပါတယ်။

၎င်းစက်ရုံသည် စက် စတင်လည်ပတ်သည်မှစ၍ ၂၀၁၂-၂၀၁၃ ခုနှစ်အထိ ကျပ်သန်းပေါင်း (၃၈၁၃၆)သန်း အရှုံးပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ရှမ်းပြည်နယ်ရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် NEO ကုမ္ပဏီနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့အကြား BOT စနစ်ဖြင့် ဆောင်ရွက်မည့်စီမံကိန်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ပြီးစီးရန် လျာထားခဲ့သော်လည်း စီမံကိန်း တစ်ခုလုံး ၃၃ ရာခိုင်နှုန်းခန့်သာ ပြီးစီး၍ မျှော်မှန်းကာလတွင် ပြီးစီးနိုင်ခြင်းမရှိကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ကယားပြည်နယ်တွင် ဘီလူးချောင်း အမှတ်(၁)နှင့် အမှတ်(၂) ဓာတ်အားပေးစက်ရုံကို တည်ဆောက်ခဲ့ပြီး ၎င်းစက်ရုံ (၂)ခုမှ စုစုပေါင်း စက်တပ်ဆင်အင်အား (၁၉၆) မဂ္ဂါဝပ် ထုတ်လုပ် ဖြန့်ဖြူး နိုင်သည့်အပြင် ဖယ်ခုံမြို့နယ်နဲ့ ဒီမောဆိုးမြို့နယ်အတွင်းရှိ လယ်ယာမြေဧက (၂၀၀၀၀)ခန့်ကို ဆည်ရေ ပေးဝေနိုင်ရန်ဖြစ်ပါတယ်။

တစ်နှစ်လျှင် အမှတ်(၁)ဓာတ်အားပေးစက်ရုံမှ ဓာတ်အား သန်း (၂၀၀) ကီလိုဝပ်နာရီ၊ အမှတ်(၂) ဓာတ်အားပေးစက်ရုံမှ ဓာတ်အား (၁၃၉၀) သန်း ကီလိုဝပ်နာရီ အသီးသီးဖြင့် ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးရန် ဖြစ်ပါတယ်။ ဘီလူးချောင်းအမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်းသည် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနနှင့် အနာဂတ်စွမ်းအင် ကုမ္ပဏီတို့အကြား BOT စနစ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ပါသည်။ ဘီလူးချောင်း စက်ရုံသည် အမှတ်(၁) နှင့် အမှတ် (၂) ဓာတ်အားပေးစက်ရုံမှ စုစုပေါင်း (၁၉၆) မဂ္ဂါဝပ် ထုတ်လုပ်ပြီးနောက် ထွက်ရှိလာသောရေကို နောက်ဆုံးအဆင့်မှ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော စီမံကိန်း တစ်ခုဖြစ်ပါသည်။

စက်တပ်ဆင် အင်အား (၅၂) မဂ္ဂါဝပ်ရှိ၍ တစ်နှစ်လျှင် ပျမ်းမျှ ထုတ်လုပ်နိုင်မည့်ဓာတ်အား (၃၃၄)သန်း ကီလိုဝပ်နာရီဖြစ်ပြီး ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ်ကုန်တွင် ပြီးစီးမည်ဖြစ်ရာ ယခုအခါ

ဓာတ်အား စမ်းသပ်ထုတ်လုပ်နေပြီ ဖြစ်ပါတယ်။ စီမံကိန်းကုန်ကျစရိတ်မှာ ကျပ် (၁၂၀,၀၀၀) သန်း ဖြစ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား (၁၄၀) မဂ္ဂါဝပ်နှင့် တစ်နှစ်ပျမ်းမျှ (၄၅၄)သန်း ကီလိုဝပ်နာရီ ထုတ်လုပ်နိုင်မည့် ရေအား လျှပ်စစ်စီမံကိန်း တစ်ခုဖြစ်ပါတယ်။ ကန်တွင်းရေမြုပ်ကျေးရွာ (၂၃) ရွာအား လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနမှ ရေ/မီးရရှိရေး၊ ပညာရေး/ကျန်းမာရေး အခြေခံအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ ကျောင်းများ၊ စေတီပုထိုးများ၊ လယ်ယာမြေသစ်များ ဖော်ထုတ်ထူထောင်ပေးလျက် ကျေးရွာလူထုအတွက် အဖက်ဖက်မှ ဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါတယ်။

ပေါင်းလောင်း ဓာတ်အားပေးစက်ရုံသည် စက်တပ်ဆင်အင်အား(၂၈၀) မဂ္ဂါဝပ်ရှိ မြေအောက် ရေအား လျှပ်စစ်စက်ရုံ တစ်ခု ဖြစ်ပါတယ်။ (၁၀)နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှထုတ်လုပ် ဓာတ်အား (၆၆၃) သန်း ကီလိုဝပ်နာရီ ဖြစ်ပြီး ဒီဇိုင်းသတ်မှတ် (၉၁၁) သန်း ကီလိုဝပ်နာရီ၏ (၇၃)ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သဖန်းဆိပ်ရေအား လျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင် အင်အား (၃၀) မဂ္ဂါဝပ်ရှိ ဓာတ်အားပေး စက်ရုံ တစ်ခုဖြစ်ပါတယ်။ (၈) နှစ်တာကာလအတွင်း နှစ်စဉ် ပျမ်းမျှထုတ်လုပ်မှု ဓာတ်အား (၁၃၀ .၇၅) သန်း ကီလိုဝပ်နာရီဖြစ်၍ ဒီဇိုင်းသတ်မှတ်ချက် (၁၁၇.၂) သန်း ကီလိုဝပ်နာရီ၏ (၁၁၂)ရာခိုင်နှုန်း ရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဗို့အားမြင့်လိုင်းများ စုစုပေါင်း (၃,၀၅၅) မိုင်ခန့် တည်ဆောက်ထားတာကို သိရှိရပါတယ်။

၂၀၁၀ -၂၀၁၁ မှ ၂၀၁၂ - ၂၀၁၃ ခုနှစ် အထိ (၃)နှစ်အတွင်း လျှပ်စီးမီးရရှိပြီး ကျေးရွာပေါင်း (၃,၅၀၀) ကျေးရွာနှင့် ၂၀၁၅ - ၂၀၁၆ ခုနှစ်အထိ ကျေးရွာပေါင်း (၇၈၈)ရွာ လျှပ်စစ်မီးရရှိနိုင်၍ ၄င်း နောက်ပိုင်းတွင် လျှပ်စစ်မီးရရှိမည့် ကျေးရွာ (၁,၁၀၂)ရွာရှိပြီး ပြီးစီးမှုရာခိုင်နှုန်းအားဖြင့် (၁၈.၃၈) ရာခိုင်နှုန်း ကျန်ရှိနေဦးမည် ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တော်ကြီးရေအားလျှပ်စစ်စက်ရုံသည် စက်တပ်ဆင် အင်အား (၂၅) မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ်စက်ရုံ တစ်ခုဖြစ်ပါတယ်။ (၂၅)နှစ်အတွင်း တစ်နှစ်လျှင် ပျမ်းမျှ ထုတ်လုပ်မှု ဓာတ်အား (၁၂၄.၂၉) သန်း ကီလိုဝပ်နာရီဖြစ်၍ ဒီဇိုင်းသတ်မှတ်ချက် (၁၃၄)သန်း ကီလိုဝပ်နာရီ၏ (၉၃) ရာခိုင်နှုန်း ရှိကြောင်း သိရှိရပါသည်။

သဘာဝပိုဗိုလန်စက်ရုံ (ပုပ္ပါး)သည် တစ်ရက်လျှင် တန် (၁,၀၀၀)ကျ စက်ရုံနှင့် တန်(၅၀၀)ကျ စက်ရုံ (၂)ရုံဖြစ်ပြီး ရဲရွာ ကွန်ကရစ်တမံ တည်ဆောက်ရာတွင် ဘိလပ်မြေနှင့် ရောစပ်အသုံးပြုနိုင်ရန် ဖြစ်ပါ သည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဗို့အားမြင့် လိုင်းများ စုစုပေါင်း (၄,၆၈၀)မိုင်ခန့် တည်ဆောက်ထားရှိပါသည်။ တိုင်းဒေသကြီးအတွင်း ဓာတ်အားပျောက်ဆုံးမှုမှာ ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် ပျမ်းမျှ (၁၉ .၄၄) ရာခိုင်နှုန်း၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် (၁၈ .၂၈) ရာခိုင်နှုန်း နှင့် ၂၀၁၃ - ၂၀၁၄ ခုနှစ်တွင်(၁၀.၉၃) ရာခိုင်နှုန်း အသီးသီးရှိကြောင်း ဖော်ပြထားရှိပါသည်။ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ

သောက်ရေခပ် (၂) ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင် အင်အား (၁၂၀) မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်ရုံကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ရွှေစွမ်းအင်ကုမ္ပဏီ တို့အကြား BOT စနစ်ဖြင့် အကောင်အထည်ဖော်ခဲ့သောစီမံကိန်းတစ်ခု ဖြစ်ပါသည်။ နိုင်ငံတော် ဓာတ်အားစနစ်နှင့် ချိတ်ဆက်လျက် ဓာတ်အား တစ်ယူနစ်လျှင် ကျပ်(၇၀/-) နှုန်းဖြင့် PPA စာချုပ်အရ ရောင်းချပေးလျက်ရှိကြောင်း သိရှိရပါသည်။ ရေဝပ်ဧရိယာအတွင်း ကျရောက်သော ကျေးရွာများ၏ အခြေခံအဆောက်အအုံများ ထူထောင်ပေးရာတွင် စုစုပေါင်းကျပ် (၅၁,၆၈၃) သန်း သုံးစွဲခဲ့ကြောင်း ဖော်ပြ ထားရှိပါသည်။

စီမံကိန်းခန့်မှန်းခြေကုန်ကျစရိတ်မှာ CHINA EXIM Bank ချေးငွေ US$ (၇၀)သန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအား ကြားခံပေးလျက် ချေးငှားရယူခဲ့ပြီး နိုင်ငံခြားသုံးငွေ US$ (၈၈ .၉၂၈) သန်း၊ ပြည်တွင်းသုံးငွေ ကျပ် (၂၃၄,၉၄၃)သန်း စုစုပေါင်းနိုင်ငံခြား သုံးငွေ(ညီမျှ) US$ (၃၃၆)သန်းခန့် ကုန်ကျကြောင်း ခန့်မှန်းသိရှိရပါသည်။ ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား (၂၅) မဂ္ဂါဝပ်ရှိ ဓာတ်အားပေး စက်ရုံ ဖြစ်ပါသည်။ (၈) နှစ် ပျမ်းမျှ ထုတ်လုပ်ဓာတ်အား (၉၆.၂၄) သန်း ကီလိုဝပ်နာရီ ဖြစ်၍ ဒီဇိုင်းသတ်မှတ်ချက် (၁၂၃) သန်း ကီလိုဝပ်နာရီ၏ (၇၈.၂၄) ရာခိုင်နှုန်း ဖြစ်ပါသည်။ ရဲနွယ်ရေအား လျှပ်စစ်စီမံကိန်း ခန့်မှန်းကုန်ကျငွေမှာ မြန်မာကျပ်ငွေ ကျပ် (၆,၉၀၀.၇၇၁)သန်းနှင့် နိုင်ငံခြားသုံးငွေ US$ (၇ .၀၉၉) သန်း ဖြစ်ပါသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား (၆၀)မဂ္ဂါဝပ်ရှိ ရေအားလျှပ်စစ် စက်ရုံတစ်ခုဖြစ်ပါသည်။ (၃)နှစ်အတွင်း နှစ်စဥ် ထုတ်လုပ်ဓာတ်အားမှာ ပျမ်းမျှ (၁၆၃.၇၇) သန်း ကီလိုဝပ်နာရီ ဖြစ်ပါသည်။ ဒီဇိုင်း သတ်မှတ်ပျမ်းမျှ ထုတ်လုပ်ဓာတ်အား (၁၉၀)သန်း၏ (၇၂)ရာခိုင်နှုန်း ထုတ်လုပ်နိုင် ခဲ့ပါသည်။ ဖြူးချောင်းရေအား လျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင် အင်အား(၄၀)မဂ္ဂါဝပ်ရှိ ရေအား လျှပ်စစ်စက်ရုံတစ်ခု ဖြစ်ပါသည်။ စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ကျပ်သန်းပေါင်း (၂၁,၉၈၄.၇၆) သန်းနှင့် နိုင်ငံခြားသုံးငွေ US$ (၀.၈)သန်း ဖြစ်ပါသည်။ ယခုအခါမှာဆိုလို့ရှိရင် လုပ်ငန်းများမှာ (၉၅) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ကြောင်း သိရှိရပါသည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ဆက်လက်၍ လယ်ယာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အချို့တွင် ပြည်ထောင်စုဝန်ကြီးဌာနများအောက်ရှိ ဆောင်ရွက်ပြီး/ ဆောင်ရွက်ဆဲစီမံကိန်း လုပ်ငန်းများသို့ သွားရောက်လေ့လာတွေ့ရှိချက်များအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် အကြံပြု တင်ပြ အပ်ပါတယ်ရှင့် -

လယ်ယာကဏ္ဍ

လယ်ယာကိန်းဂဏန်းများ ဖော်ပြချက်များတွင် ဝန်ကြီးဌာနတစ်ခုတည်းအောက်ရှိ လုပ်ငန်းဌာနများအတွင်း အမျိုးမျိုးကွဲလွဲနေသဖြင့် မှန်ကန်သောစာရင်းဇယားများပြုစုရန် လိုအပ်နေခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် သီးနှံအများစုနီးပါးပင် စိုက်ဧကများ ပိုမိုလျာထားခြင်း၊ သီးနှံအထွက်နှုန်းများ (၁၀) ရာခိုင်နှုန်းမှ (၁၅)ရာခိုင်နှုန်းအထိ ပိုမိုအထွက်ပြနေခြင်းများရှိနေသည်ဟု သုံးသပ်ရရှိခြင်း၊ ဆည်မြောင်း စီမံကိန်းများ၏ ဆည်ရေသောက်ဧရိယာများမှာ မူလ သတ်မှတ်ချက်များ၏ (၁၅)ရာခိုင်နှုန်းမှ (၂၅) ရာခိုင်နှုန်းအတွင်း လျော့နည်းနေပြီး၊ ဤဖြစ်ရပ်မှာ ရေစီမံခန့်ခွဲမှု အားနည်းချက်ကြောင့် လျော့နည်းခြင်း၊ ရေသောက်စနစ် တူးမြောင်းများ ပြင်ဆင်ထိန်းသိမ်းနိုင်မှု အားနည်းခြင်းကြောင့်

ရေသောက် ဧရိယာ အဖျားပိုင်းတွင် ပျက်စီးခြင်း၊ ရေ လေလွင့်ဆုံးရှုံးမှုများ များပြားခြင်း စသည်တို့ကို တွေ့ရှိရခြင်း၊ ဒေသခံတောင်သူလယ်သမားများက တူးမြောင်းဥပဒေများကို လိုက်နာမှု မရှိခြင်းကြောင့် ရေသောက်စနစ်များ ပျက်စီးခြင်းအတွက် ဆည်မြောင်းဦးစီးဌာန တစ်ခုတည်း အပေါ်တွင်သာ တာဝန်ရှိသည်ဟု မယူဆဘဲ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့်ပါ ပူးပေါင်းပါဝင် ကြပ်မတ်ရန် တာဝန်ရှိခြင်း၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယခုအခါ ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေသည်မှာ အခြေခံမူအားဖြင့် အလွန်ကောင်းမွန်သော်လည်း ကုန်ကျစရိတ် သက်သာထိရောက် အကျိုးရှိသည့်ဒေသတွင် ရရှိနိုင်သည့်ပစ္စည်းများဖြင့် ပြင်ဆင်မှုနည်းစနစ်များကို ရွေးချယ်ကျင့်သုံးရန် လိုအပ်နေခြင်း၊ ကယားပြည်နယ်အတွက် အဓိက ဆည်ရေသောက်ဧရိယာများတွင် ဒေသ ဆက်သွယ်ရေး လမ်းများ၊ လယ်ယာကုန်ထုတ်လမ်းများ၊ တူးမြောင်း ဖြတ်ကူးတံတားများကို ပြည်နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ဦးစားပေး ဆောင်ရွက်လုပ်ကိုင်ပေးရန်နှင့် လိုအပ် ရန်ပုံငွေ ခွင့်ပြုပေးရန် လိုအပ်နေခြင်း၊ ရေခွန် ကောက်ခံရရှိမှုမှာ ဒေသအနှံ့တွင် လွန်စွာနည်းပါး၍ ပိုမိုတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ရန် လိုအပ်နေခြင်း၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်း/ လုပ်ငန်း အားလုံး စတင်သည့်မှစ၍ နောက်ပိုင်းတွင် မူလသတ်မှတ် ရေပေးဝေနိုင်သည့် ဧရိယာ၏ (၁၀) ရာခိုင်နှုန်းမှ (၂၀)ရာခိုင်နှုန်း အတွင်းသာရှိခြင်း၊ နောင်တွင်လည်း တစ်ဧက ကုန်ကျစရိတ်များ များပြားခြင်း၊ ရေလိုအပ်မှုနည်းသည့် ကုန်းသီးနှံများကိုသာ စီမံကိန်းသီးနှံများအဖြစ် လျာထားရမည့်အစား ရေအသုံးများသော မိုးစပါး/နွေစပါး သီးနှံများကို နေရာအနှံ့ ရေပေးဝေရခြင်းကြောင့် ကျင့်သုံး စီမံကိန်းစနစ် မှားယွင်းနေသည်ဟု ယူဆခြင်း၊ တစ်ဧက လျှပ်စစ်ဓာတ်အားခ ကြီးမြင့်နေသဖြင့် တောင်သူများ စိတ်ဝင်စားမှုနည်းပါးခြင်းတို့ကို တွေ့ရှိရခြင်း။

ပို့ဆောင်ရေးကဏ္ဍ

ပို့ဆောင်ရေးကဏ္ဍအောက်ရှိ ဧရာဝတီမြစ်ရေထိန်းတမံစီမံကိန်း (၁၆)ခုအနက် မြင်းခြံခရိုင်၊ မြင်းမူမြို့၏ အောက်ဖက်တွင် လျာထား ဧရာဝတီမြစ်ရေထိန်းစီမံကိန်း (ရန္တပို)သည် အကြိုဖြစ်မြောက်နိုင်စွမ်း လေ့လာမှုကို ခန့်မှန်းကုန်ကျငွေ Euro(၈) သိန်းဖြင့် ဆောင်ရွက်ပြီးနောက် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ နှင့် ဒီဇိုင်းအစီရင်ခံစာ တို့အတွက် ခန့်မှန်းကုန်ကျငွေ Euro (၇.၂) သန်းနှင့် ရန္တပိုစီမံကိန်းကို ရှေ့ပြေး အဖြစ် အကောင်အထည်ဖော်နိုင်ရန် Euro (၄၀၀)သန်း လိုအပ်ကြောင်း သိရှိရသဖြင့် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိသည့်တိုင်အောင် အပြည်ပြည်ဆိုင်ရာချေးငွေများ ရရှိမှသာ ဆောင်ရွက်နိုင်ရန် မျှော်မှန်းနိုင်ခြင်းကြောင့် ဦးစွာ မဟာစီမံချက် ပြုစုရန် လိုအပ်နေခြင်း။ ပြည်တွင်းရေကြောင်း (ချင်းတွင်းဌာနခွဲ) သည် ဌာနပိုင်ရေယာဉ်များ ဖြင့် ပြေးဆွဲခြင်း၊ အခြားအဖွဲ့အစည်းများသို့ ငှားရမ်းခြင်း၊ ငှားရမ်းပြေးဆွဲခြင်းမှ အသားတင်ဝင်ငွေရရှိခြင်း၊ ဌာနမှ နှစ်ပေါက်ပြေးဆွဲနိုင်မှု မရှိခြင်း၊ အခြားရုပ်ပြေးရေယာဉ်၊ ကုန်တင်ရေယာဉ်များနှင့် ယှဉ်ပြိုင် မြန်ဆန်မှုမရှိခြင်း၊ စီးပွားရေးဆန်စွာ ဖြေရှင်းနိုင်မှု မရှိခြင်း၊ ဝင်ငွေ/ထွက်ငွေ မျှတမှု မရှိခြင်းတို့ကြောင့် သင့်လျော်မည့်ရေယာဉ်များ တည်ဆောက်အစားထိုး ပြောင်းလဲပြေးဆွဲစေသင့်ခြင်း၊ လက်ရှိရေယာဉ်များကို အခြားသင့်လျော်မည့် ဒေသများသို့ ပြောင်းရွှေ့ပြေးဆွဲရေး စသည်တို့ကို ပြန်လည်စဉ်းစားသင့်ခြင်း။

စက်မှုလက်မှုကဏ္ဍ

ရှမ်းပြည်နယ်တောင်ပိုင်းရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သည် အီတလီနိုင်ငံနှင့် ရုရှားနိုင်ငံမှ ကုမ္ပဏီများပါဝင်လျက် ယခင် MEC အောက်မှ ယခု စက်မှုဝန်ကြီးဌာန အောက်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ သက်ဆိုင်ရာကုမ္ပဏီများက သဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း အပြည့်အဝ လိုက်နာစေရေးနှင့် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး အရေးယူဆောင်ရွက်သွားရန် လိုအပ်နေခြင်း။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ အထည်အလိပ်လုပ်ငန်း၊ အထည်စက်ရုံများ၊ အထည်စက်ရုံ (တောင်သာ)တို့မှာ ဆက်တိုက်အရှုံး ပေါ်နေခြင်းကြောင့် ပုဂ္ဂလိကနှင့်ဖက်စပ် လုပ်ကိုင်နိုင်ရေး စဉ်းစားသင့်ခြင်းနှင့် ပိုမိုကောင်းမွန်သော နည်းလမ်းရှာကြံရန် လိုအပ်နေခြင်း၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သည် နိုင်ငံပိုင်ငွေကြေး စုစုပေါင်း Euro (၁,၂၄၅ .၅) သန်းဖြင့် စီမံကိန်း အဆင့်-၁/ အဆင့်-၂/ အဆင့် ၂ - က/ အဆင့် -၃ တို့ကို ဆောင်ရွက်လာခဲ့ရာ ယခုအချိန်အထိ ပြီးစီးခြင်းမရှိသေးသော စီမံကိန်းဖြစ်ပြီး ပင်းပက်ဒေသမှ သံရိုင်းကုန်ချော ထုတ်လုပ်ပေးသွင်းနိုင်မှု မရှိခြင်းကြောင့် မြင်းခြံစက်ရုံမှ ကုန်ထုတ်လုပ်မှု ဆောင်ရွက်နိုင်ခြင်းမရှိ၍ နိုင်ငံတော်အတွက် နစ်နာဆုံးရှုံးလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရခြင်း၊ အမှတ်(၁)သံမဏိ စက်ရုံ(မြင်းခြံ)နှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တို့အတွက် ပြည်ပကုမ္ပဏီများထံမှ ရယူချေးငွေဆိုင်ရာ သဘောတူညီချက်များပါ အချက်အလက်များ မှျတမှု ရှိ/မရှိ အပေါ် ပြန်လည် သုံးသပ်ခြင်းနှင့် နောင်တွင် အဖွဲ့အစည်းများအတွင်း အပြန်အလှန် အကျိုးရှိမည့်အချက်များ ထည့်သွင်းစဉ်းစားရန် လိုအပ်နေခြင်း။

ဆောက်လုပ်ရေးကဏ္ဍ

ဆောက်လုပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဒေသအနှံ့ရှိ လမ်းများ၊ တံတားများ စသည့် အခြေခံအဆောက်အအုံများကို အသစ်တည်ဆောက်ခြင်း၊ လက်ရှိတို့ကို ပြင်ဆင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်လွန်စွာ များပြားနေသည်ကိုတွေ့ရှိရပြီး သတ်မှတ်သက်တမ်းအတွင်း ခံနိုင်ရည်/ခံနိုင်ဝန်ရှိရေးအတွက် လုပ်ငန်းအခြေခံ စံနှုန်းများအတိုင်း ဆောင်ရွက်၍ လုပ်ငန်းအရည်အသွေးပြည့်မီစွာ ဆောင်ရွက်လုပ်ကိုင်ရန်လိုအပ်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများအား လမ်း/တံတားဖြတ်သန်းခများကောက်ခံ ရုံသာမဟုတ်ဘဲ မိခင် လုပ်ငန်းဌာန၏ တာဝန်ဖြစ်သည့်အလျောက် အဆင့်မီသောပြင်ဆင်ထိန်းသိမ်းမှုများ ရှိခြင်း/ မရှိ ခြင်းကို ကြီးကြပ်ရန်လိုအပ်နေခြင်း။

သစ်တောကဏ္ဍ

သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်များတွင် သစ်တောပြုန်းတီးမှုများ လွန်စွာများပြားပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် လုပ်ငန်းဌာနတို့အနေဖြင့်လည်းကောင်း၊ ခုတ်လှဲထုတ်လုပ်ရာတွင် အကျိုးအမြတ်ရရှိခဲ့သော ပုဂ္ဂလိကကုမ္ပဏီများ၏ ပါဝင်မှုဖြင့်လည်းကောင်း၊ ပြန်လည်အစားထိုး စိုက်ပျိုးမှုများသည် အောင်မြင်မှု အလွန်နည်းပါးနေခြင်းတို့ကြောင့် အလေးအနက်ထား၍ စီမံဆောင်ရွက်သွားရန် လိုအပ်ခြင်း။ ဆည်မြောင်းနှင့် ရေအားလျှပ်စစ်လုပ်ငန်းဌာနတို့၏ ရေလှောင်တမံစီမံကိန်းများ မစတင်မီ သို့မဟုတ် စတင်ချိန်တွင် ရေဝပ်ဧရိယာအတွင်း အပြောင်ရှင်းစီမံချက်ဖြင့် မလိုအပ်ဘဲ သစ်ထုတ်လုပ်ခြင်းများကို ဆောင်ရွက်ခဲ့သော စီမံကိန်းအချို့ ရှိခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနှင့် သစ်တောဖုံးလွှမ်းဧရိယာများ အလွန်အကျွံလျော့နည်းကျဆင်းခဲ့ရပြီး နောင်တွင် အထူးကြပ်မတ်ဆောင်ရွက်ရန် လိုအပ်နေခြင်း။ ဒေသအစုအဖွဲ့ပိုင်

သစ်တောစိုက်ခင်းများ ထူထောင်ပေးမှုတွင် အမည်ခံသက်သက်ဖြင့် လုပ်ဆောင်ခြင်းမပြုဘဲ၊ လက်တွေ့ထိရောက်မှု ရှိ/မရှိ ပြန်လည်သုံးသပ်ရန်လိုအပ်ခြင်း။

လျှပ်စစ်ဓာတ်အားကဏ္ဍ

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဒေသအနှံ့ ဓာတ်အား ပျောက်ဆုံးမှုများ ရှိနေခြင်း၊ မသမာသောနည်းဖြင့် မီးရယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဖြန့်ဖြူးမှု အရည်အသွေး ကျဆင်းခြင်း၊ ဦးစားပေးလုပ်ကိုင်ခြင်း မပြုသင့်သေးသော ကုန်ကျစရိတ် မြင့်မားစွာဖြင့် ဗို့အား မြင့်ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းကို ပြန်လည်စိစစ် ဆောင်ရွက်သင့်ခြင်း၊ BOT စနစ်ဖြင့် ဆောင်ရွက်နေသော ရေအားလျှပ်စစ်စီမံကိန်းများသည် ပြည်သူ့အကျိုးအတွက် မည်မျှထိရောက် အကျိုး ရှိသည်ကို ပြန်လည်သုံးသပ်သင့်ခြင်း၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (တီကျစ်)၏ ၂၀၀၄ - ၂၀၀၅ မှ ၂၀၁၁ - ၂၀၁၂ ခုနှစ်အထိ ကျောက်မီးသွေးဈေးနှုန်း (၇)ကြိမ်တိုင် တိုးမြှင့်ပေးခဲ့ခြင်း၊ ဓာတ်အား တစ်ယူနစ် ထုတ်လုပ်မှုကျပ် (၆၀.၅၂) ဖြစ်ပေါ်နေခြင်း၊ စက်ရုံမှာ ဟောင်းနွမ်းနေ၍ လည်ပတ် မောင်းနှင်ချိန် နည်းပါးပြီး အရှုံးပေါ်လျက်ရှိနေခြင်းတို့အပေါ် ပြန်လည်သုံးသပ်ခြင်း၊ အကြီးစား ပြင်ဆင်မွမ်းမံခြင်းတို့ကို ပြုလုပ်သင့်ခြင်း၊ ကျောက်မီးသွေးမိုင်းတူးဖော်မှုကြောင့် ပျက်စီးခဲ့သော သို့မဟုတ် ဆက်လက် ထုတ်လုပ်ခြင်း မပြုတော့သော မိုင်းများအား ပြန်လည်ပြုပြင် မြေဖို့၊ မြေညှိ ပြုလုပ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှု ထိန်းသိမ်း ဆောင်ရွက်ရန် လိုအပ်နေခြင်း။ ကျေးလက် လျှပ်စစ်မီး ရရှိရေးကို လုပ်ဆောင်ပေးရာ၌လည်း ကျေးလက်ပြည်သူများအတွက် အမှန်တကယ် ထိရောက်အကျိုး ရှိသော မီးရရှိရေးနည်းလမ်းများဖြင့်သာ ဆောင်ရွက်သင့်ပြီး ကျေးရွာအရေအတွက် များများရရှိရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်မှုမပြုသင့်ခြင်း၊ လျှပ်စစ်ဓာတ်အား ကဏ္ဍတွင် လုပ်ကိုင်ခွင့်ရ ပုဂ္ဂလိက ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုခဲ့ရာ (၁)မဂ္ဂါဝပ် ထုတ်လုပ်ကုန်ကျစရိတ် များပြားမှု တွေ့ရှိနေခြင်းတို့ ကြောင့် စက်မှုလက်မှု ကုန်ကျစရိတ်အပေါ် ယှဉ်ပြိုင်စနစ်ဖြင့် တင်ဒါခေါ်ယူစိစစ် ခွင့်ပြုချက်ချ ပေးသင့် ခြင်း။

အထွေထွေ

စီမံကိန်း/လုပ်ငန်း ခန့်မှန်းကုန်ကျစရိတ်များတွက်ချက် တင်ပြကြရာတွင် ကိန်းဂဏန်းများ တည်ငြိမ်မှု မရှိဘဲ (၁) နှစ် (သို့မဟုတ်) (၂) နှစ် အတွင်း အမျိုးမျိုးပြင်ဆင်ပြုစု တွက်ချက်ထားရှိပြီး ခွင့်ပြုပိုင်ခွင့်ရှိသည့် အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြမှုမရှိဘဲ မိမိတို့ အဖွဲ့အစည်းများ အနေဖြင့်သာ ဖော်ပြနေခြင်း၊ စီမံကိန်း/ လုပ်ငန်းခန့်မှန်းခြေစာရင်းများ ပြုစုရာတွင် မှီငြမ်းကိုးကားရမည့် လုပ်ငန်းအခြေခံ စံနှုန်းများအရ လိုက်နာဆောင်ရွက်မှုအားနည်းပြီး လုပ်ငန်းဌာနများသည် လုပ်ငန်း တစ်ခုနှင့် တစ်ခုတို့တွင် မှီငြမ်းအသုံးချမှု ကွဲပြားစွာ ကျင့်သုံးကြခြင်း၊ ဒေသတစ်ခုတည်း၌ပင် လုပ်ငန်း သဘာဝတူ၊ တည်ဆောက်ရေး ပစ္စည်းတူများ ဈေးနှုန်းအမျိုးမျိုးကွဲပြားနေသည်ကို လေ့လာတွေ့ရှိရခြင်း၊ ယခင် ရှေ့ပိုင်းစီမံကိန်းလုပ်ငန်းများအား အကြီးစားပြင်ဆင်ခြင်း ဆောင်ရွက်ရာတွင် သာမန်အသုံးစရိတ် ငွေစာရင်းခေါင်းစဉ်အောက်မှ ဆောင်ရွက်ရသည့် လုပ်ငန်းသဘာဝ ဖြစ်သော်လည်း လုပ်ငန်းပမာဏ ကြီးမားခြင်း၊ ခန့်မှန်းကုန်ကျငွေ များပြားခြင်းတို့ကြောင့် မိမိတို့အစီအမံဖြင့် စီမံကိန်းအမည်တပ်၍ ငွေလုံးငွေရင်းအသုံးစရိတ်ခေါင်းစဉ်အောက်မှ ဆောင်ရွက်ခြင်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရန် လိုအပ်နေခြင်းတို့ ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီသည် စီမံကိန်း/လုပ်ငန်းအချို့တို့သို့ အချိန်အကန့်အသတ်အတွင်း ကွင်းဆင်းသွားရောက် လေ့လာတွေ့ရှိချက်များအပေါ် အခြေခံလျက် တင်ပြခြင်းသာ ဖြစ်ပါသည်။ အမျိုးသားလွှတ်တော်မှ ချမှတ်သော မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက ဆောင်ရွက်လုပ်ကိုင်လျက်ရှိသော နိုင်ငံတော်ဖွံ့ဖြိုးမှုစီမံကိန်းကြီးများ အခြေအနေနှင့် အဆိုပါစီမံကိန်းများ၏ အကျိုးသက်ရောက်မှု၊ သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များနှင့် သယံဇာတပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဘဲ ထုတ်ယူသုံးစွဲရေးနှင့် စီမံကိန်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်စေရေး စသည်တို့ အပါအဝင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ

အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ် ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

အချိန်၊ ၁၂း၄၇။

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

အချိန်၊ ၁၂း၄၈။

ဥက္ကဋ္ဌ။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အခမ်းအနားမှူး။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ။အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၃း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]